မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၆)

ဂါရဝေါ စ တော် မင်္ဂလ မုတ္တမံ

ရိုသေအပ်သော သူတို့ကို ရိုသေခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့် ကြိုးစား စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း မိတ္ထီလာမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများနှင့် အတူ မိတ္ထီလာတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

မုန့်တိုင်ရေလှောင်တမံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာမြို့နယ်ရှိ မုန့်တိုင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေကျင်းအိုလံပစ်ပွဲတော်အတွင်း ထူးခြားဖြစ်စဉ်

လက်တွဲအောင်ပွဲခံ

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်အတွင်း ရုရှားအားကစားမယ် ပါဒီရီနာ(ယာ)နှင့် ဂျော်ဂျီယာ အားကစားမယ် ဆာလူဗက်ဇီတို့ ဤသို့ချစ်ကြည်စွာ လက်တွဲအောင်ပွဲခံခဲ့ကြသည်မှာလည်း စိတ်ဝင်စားဖွယ်။

ကမ္ဘာ့ စံချိန်ချိုး

ပြီးစီးခဲ့ပြီဖြစ်သော ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ကမ္ဘာ့စံချိန်ချိုးခဲ့သည့် ဂျမေကာအပြေးသမား အူစိန်ဘို့။

ပေကျင်း ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်ကို ဩဂုတ် ၈ ရက်မှ ၂၄ ရက်အထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ပေကျင်းအိုလံပစ်ပွဲတော်အတွင်း ပါဝင်ဆင်နွှဲခဲ့သော နိုင်ငံတကာမှ အားကစားမောင်မယ်များအနေဖြင့် အဆင်ပြေစွာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ကြသလို ထူးခြားသောစံချိန်များလည်း ချိုးနိုင်ခဲ့သည်ဖြစ်ရာ ထူးခြားဖြစ်စဉ်များကို ဖော်ပြလိုက်ရပါသည်-

အူစိန်ဘို့

ဂျမေကာအပြေးသမား အူစိန်ဘို့သည် ပေကျင်းအိုလံပစ်ပွဲတော် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ၉ ဒသမ ၆၉ စက္ကန့်ဖြင့် ပြေးကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ သူ၏စံချိန်သည် ကမ္ဘာ့မီတာ ၁၀၀ အပြေးစံချိန်ကို ချိုးနိုင်ခဲ့သည်။ အိုလံပစ်ပွဲတော်များအပါအဝင် ကမ္ဘာ့မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ၂၄ နှစ်အတွင်း အကောင်းဆုံး အပြေးစံချိန်တင်ကာ ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

ရုရှားနှင့် ဂျော်ဂျီယာ

ပေကျင်းအိုလံပစ်ပွဲတော် အမျိုးသမီး ၁၀ မီတာ ပစ္စတိုပစ်ပြိုင်ပွဲတွင် ရုရှားသေနတ်ပစ်မယ် နာတာလီရာပါဒီရီနာက ရွှေတံဆိပ်ရရှိပြီး ဂျော်ဂျီယာ သေနတ်ပစ်မယ် နီနိုဆာလူဗက်ဇီက ကြေးတံဆိပ်ရရှိခဲ့သည်။ သို့သော် ပြိုင်ပွဲအပြီးတွင် တစ်ဦးနှင့်တစ်ဦးဖက်လျက် အောင်မြင်မှုကို ချစ်ကြည်ရင်းနှီးမှုဖြင့် ဖော်ညွှန်းပြသနိုင်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၆ ရက်)

မြန်မာ–ထိုင်း အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံ တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဆက်ဆံမှုများရှိခဲ့ရာ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး မူကြီးငါးချက်နှင့်အညီ အိမ်နီးချင်းကောင်းပီသစွာ အစဉ်အဆက် နေထိုင်လာခဲ့ကြသည်။

မြန်မာနှင့်ထိုင်းတို့သည် နယ်နိမိတ်ချင်းလည်း ထိစပ်လျက်ရှိပြီး နိုင်ငံခေါင်းဆောင်များ ကူးလူးယှက်နွယ် ချစ်ကြည်ရင်းနှီးမှုရှိသော နိုင်ငံများဖြစ်ပေရာ သံတမန်ဆက်သွယ်မှုသည် ယခုနှစ် ဩဂုတ်၂၄ရက်က နှစ်(၆၀)တိုင်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း၆၀က မျိုးစေ့ချခဲ့သော ချစ်ကြည်ရင်းနှီးမှုသည် ယခုအခါမှာ ခိုင်မာရှင်သန်လာပြီး နှစ်နိုင်ငံ၏ တူညီသော အကျိုးစီးပွား အသီးအပွင့်များ ဝေဆာစွာပွင့်ဖူးလျက် ရှိနေသည်။

နှစ်နိုင်ငံဆက်ဆံရေး မျက်နှာစာနှင့် အာဆီယံ၊ အက်ခ်မက်စ်၊ ဂျီအမ်အက်စ်အစရှိသည့် နိုင်ငံတကာဆက်ဆံရေး မျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ လူနေမှုဘဝကို တိုးတက်ကောင်းမွန်စေသည့်အပြင် ဒေသတစ်ခုလုံး ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားလိုမှုကို ဖော်ညွှန်းလျက်ရှိသည်။

ယနေ့အချိန်အခါတွင် စိန်ခေါ်မှုပေါင်းများစွာဖြင့် ပြည့်နှက်နေရာ မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း အတိုင်းအတာဖြင့် အဆိုပါစိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသည် ဆက်လက် လက်တွဲဆောင်ရွက်သွားမည်ဆိုပါက မည်သည့်အခက်အခဲကိုမဆို ကျော်လွှားဖြေရှင်းနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ထိုင်းနှင့်မြန်မာတို့၏ ချစ်ကြည်ရင်းနှီးမှုသည် အစဉ်အလာကောင်းများနှင့်အညီ နှစ်နိုင်ငံပြည်သူများအတွက် အပြန်အလှန် အကျိုး ဖြစ်ထွန်းစေသည်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းစေပြီး အနာဂတ်ကာလတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာ ခုနစ်ကျမ်း စာတော်ပြန်ပွဲတွင် တစ်နေ့တာဆွမ်းနှင့် အချိုပွဲအတွက် ဦးခင်ဟန်၊ ဦးအောင်ကျော်မြင့်၊ ဒေါက်တာဝင်းရွှေ၊ ဒေါ်ခင်သင်းနိုင်၊ ဒေါက်တာရီရီမြင့်၊ ဒေါက်တာကြည်ကြည်သန်း၊ ဒေါက်တာညွန့်ညွန့်သန်း၊ ဒေါက်တာခိုင်ခိုင်ဇင်၊ ဒေါ်လှလှဝင်း၊ ဒေါ်ခင်ကြည်စုတို့ကိုယ်စား ဦးခင်ဟန်က အသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ထွန်းထံ အလှူငွေကျပ်ရှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၆–၈–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း–၁၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **သရဏာဂုဏ်တော်ကြီး**
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း –၄၄)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှပြန်ရောက်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၂၀ရက်က ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီး ဩဂုတ်၂၄ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ်၂၃ရက်တွင် ဗန်ကောက်မြို့ရှိ ကွန်ရာဒ်ဟိုတယ်၌ တည်ခင်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားညစာစားပွဲသို့ တက်ရောက်သည်။**(အပေါ်ပုံ)**

အဆိုပါညစာစားပွဲသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဗွဲ တက်ရောက် မိန့်ခွန်းပြောကြားသည်။

အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီးသည် ဩဂုတ်၂၀ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မဇ်အူရေဝမ်သီယင်သောန်အား သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားကိစ္စနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အရေးကိစ္စများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

ဆွေးနွေးညှိနှိုင်း

ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၂၁ရက်နှင့်၂၂ရက်များတွင် ထိုင်းရဲဗိုလ်ချုပ်ခွန်ချိုင်းအန်နန်တာစွမ်ဘွန်း ခေါင်းဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ ထိုင်းနိုင်ငံ၌ရောက်ရှိနေသော မြန်မာတရားမဝင်အလုပ်သမားများအား မြန်မာနိုင်ငံသားစိစစ်ရေးကိစ္စ၊ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားသစ်များ တင်သွင်းရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရိုန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွေးတို့ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၃ရက်က အင်းစိန်မြို့ ပင်မယဉ်ကျေးမှုဗိမာန်(တောင်)ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသိန်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ခရိုင်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယနှင့် အထူးဆုရရှိသူများအားလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဦးသိန်းနိုင်က တံခွန်စိုက်ဆုရရှိသော အင်းစိန်မြို့နယ် ဥက္ကဋ္ဌ**(အပေါ်ပုံ)**အားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ် လေဘေးသင့်ပြည်သူများအတွက် မိသားစုသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် မိသားစုသုံးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်မြသီဂီနှင့် ဒေါ်နီနီဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်စစ်ဝန် Mr. Tang Hai နှင့် ပထမအတွင်းဝန် Mrs. Xu Qingyuan တို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များထံ ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော တရုတ်ယွမ် ငါးသိန်းတန်ဖိုးရှိ ရေသန့်စက် ၄၈လုံး၊ အရေးပေါ်သုံး မီးအိမ်အလုံး ၃၈၀၊ ကလေးအဝတ်အထည်များ၊ အမျိုးသမီးအဝတ်အထည်များ၊ အမျိုးသမီးသုံးပစ္စည်းများနှင့် ကိုယ်တိုက်ဆပ်ပြာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်စစ်ဝန် Mr. Tang Hai နှင့် ပထမအတွင်းဝန် Mrs. Xu Qingyuan တို့က ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု တောင်ကြီးမြို့ပေါ် ကျောင်းများတွင်ကျင်းပ

တောင်ကြီး ဩဂုတ် ၂၅

တောင်ကြီးမြို့နယ် ကျောင်းကျန်းမာရေးကော်မတီမှ တောင်ကြီးမြို့ပေါ်ကျောင်းများ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီက တောင်ကြီး အထက(၁)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ကျန်းမာရေးနှင့် ပညာရေးမှူးတို့က ကျောင်းကျန်းမာရေးလုပ်ငန်း အကောင်အထည်ဖော်မှုများကို ရှင်းလင်းတင်ပြကာ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွင်း တောင်ကြီးမြို့နယ် ထက်၊ လယ်၊ မူကျောင်းပေါင်း ၆၃ကျောင်းကို စံပြအဆင့်အလိုက် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ကျောင်းကျန်းမာရေးကော်မတီဝင်များ၊ ဧည့်သည်များသည် တောင်ကြီးမြို့ အမက(၆)တွင် ကလေးများ အာဟာရကျွေးမွေးခြင်းနှင့် အားကစားပြိုင်ပွဲ ကျင်းပခြင်းကို သွားရောက်ကြည့်ရှုပြီး တောင်ကြီး အထက(၂)တွင် ဆရာ ဆရာမ၊ ကျောင်းသူကျောင်းသားများ၊ ရပ်ကွက်ပြည်သူ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းတွင်း ပန်းခြံနှင့် စိုက်ခင်းများ အမှိုက်ကင်းစင်ရေး၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး ဆောင်ရွက်ကာ ကျောင်းတွင်းမုန့်ဆိုင်များ သန့်ရှင်းစွာရောင်းချနိုင်ရန် လိုက်လံကြည့်ရှု ပညာပေးကြသည်။

ထို့နောက် ကျောင်းသူကျောင်းသားများ ခြင်အန္တရာယ်ကာကွယ်ရေးသရုပ်ဖော်ကဗျာများ ရွတ်ဆိုခြင်း**(အပေါ်ပုံ)**ခြင်ထောင်နှင့် ကန့်လန့်ကာများ ဆေးစိမ်သုံးစွဲနိုင်ရန် ပညာပေး ဆောင်ရွက်ခြင်းနှင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးရန် ပညာပေးဟောပြောကြသည်။ **(ပညာရေး)**

ရေဝတီနှင့် စစ်တောင်း မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၃စင်တီမီတာကို ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက် အတွင်း လက်ရှိရေမှတ်အထက် စင်တီမီတာ၂၀ (ရှစ်လက်မခန့်) မြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၀၈စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၈စင်တီမီတာ (၁ဒသမ၃ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရထားလမ်းသစ်များဖောက်ပြီး ရထားပြေးဆွဲခြင်းသည် ပြည်သူ့အကျိုးသယ်ပိုးခြင်းဖြစ်၍ စေတနာထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဩဂုတ်၂၃ရက်က မကွေးတိုင်း ချောက်ဘူတာနှင့် ဘူတာယာဒ်ဝင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားတွေ့ဆုံ၍ ရထားများ ဝင်ထွက်ချိန် မှန်ကန်မှုရှိရေး၊ ခရီးသည်နှင့် ကုန်စည်များသယ်ယူပို့ဆောင်မှုအခြေအနေ၊ ဘူတာယာဒ်ဝင်း သန့်ရှင်းသာယာလှပရေးနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးရေးတို့ကိုမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်သည့် ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်းရှိ ဆိပ်ဖြူသို့ရောက်ရှိပြီး ရထားလမ်းအူကြောင်းနှင့် မြေသားဆောင်ရွက်ထားမှု၊ ဘူတာတည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးမှ တည်ဆောက်နေသော ချစ်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မြေသားလုပ်ငန်း၊ တံတားလုပ်ငန်း၊ ဘူတာလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရထားလမ်းသစ်များဖောက်ပြီး ရထားပြေးဆွဲနေရခြင်းသည် ပြည်သူ့အကျိုးကို သယ်ပိုးနေခြင်းဖြစ်ကာ စေတနာထား၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယောချောင်းဘေးရထားလမ်း မြေသားတာပေါင်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေသားဆောင်ရွက်နေမှု၊ ရထားလမ်းအူကြောင်းမြေသားဆောင်ရွက်နေမှုများနှင့် တန့်ကြည့်တောင်ဧရိယာအတွင်း ရထားလမ်းမြေသားတာပေါင်များ ဖောက်လုပ်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ပြီးစီးမှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် Htoo Trading Co.,Ltd. မှရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ မှာကြားကာ ပခုက္ကူနှင့် ကျွန်းချောင်းအကြား ကားလမ်းအောက်မှ ဖြတ်သန်းမည့် ၁၅၃ပေ ၆လက်မရှိ ဥမင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ် လေဘေးသင့်ရေလုပ်သားများအား ရေလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေ

ရန်ကုန် ဩဂုတ် ၂၅

လေဘေးသင့်ရေလုပ်သားများအား ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက်က ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ဖြန့်ဝေ

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသိန်းထိုက်တို့က ရေလုပ်သားများအား စက်တပ်လှေအစင်း ၂၉၀၊ ငါးဖမ်းကိရိယာများဖြစ်သော ဘဝင်းပိုက်၊ ငါးသလောက်ပိုက်၊ သုံးထပ်ပိုက်၊ ကွင်းတားပိုက်၊ ရင်တွန်းပိုက်၊ ငါးမှတ်ပိုက်၊ ကွန်ပိုက်နှင့် ဘော့သီးအပါအဝင်ငါးဖမ်းပိုက် စုစုပေါင်း ၂၇၀၀တို့ကို ဒေသခံရေလုပ်သားများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ရေလုပ်သားများအား ယနေ့အထိ ရေလုပ်ငန်းသုံးပစ္စည်းများဖြန့်ဝေပေးမှုမှာ စက်တပ်လှေ ၄၃၄စင်း၊ ငါးဖမ်းပိုက်မျိုးစုံ ၆၃၉၉ခုတို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကောင်းစည်ပင် နမ္မတီးဈေးအတွင်း ခြင်ဆေးဖျန်း

မိုးကောင်း ဩဂုတ် ၂၅

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နမ္မတီးကျေးရွာအုပ်စု ဈေးအတွင်း ဩဂုတ်၈ရက်က အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့ အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(၀၀၁)

တာလီဘန်တို့အား မတရားအသင်းစာရင်းသွင်းရန် ပါကစ္စတန် ပီပီပီခေါင်းဆောင်ပြောဆို

အစ္စလမ္မာဘတ် ဩဂုတ် ၂၅

ပါကစ္စတန်နိုင်ငံတွင် တာလီဘန်များက အပေါ်စီးရနေကြောင်း၊ ၎င်းတို့ကို မတရားအသင်းစာရင်းတွင် ထည့်သွင်းပစ်ရမည်ဖြစ်ကြောင်း ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ခင်ပွန်း ပီပီပီပါတီခေါင်းဆောင် မစ္စတာ ဇာဒါရီက ပြောကြားလိုက်သည်။

ကာကွယ်

အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲတွင် ကမ္ဘာနှင့် ပါကစ္စတန်ဆုံးရှုံးနေကြောင်း၊ အကြမ်းဖက်ပုန်ကန်မှု၊ သဘောတရားရေးစစ်ပွဲတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို မိမိတို့ကာကွယ်ရမည်ဖြစ်ကြောင်း ဇာဒါရီကပြောဆိုသည်။

ထည့်သွင်းပြောဆို

ဤပြဿနာသည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်ကိုသာမက ကမ္ဘာကြီးတစ်ခုလုံးကိုပါ ရိုက်ခတ်မည့် ပြဿနာဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောဆိုသည်။

(အင်တာနက်)

လေ့ကျင့်ပျံသန်း

ဗြိတိသျှ သိပ္ပံပညာရှင်များ တီထွင်ပြုလုပ်ထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဇီဖာ-၆ လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းလျက်ရှိသည်ကို လန်ဒန်မြို့၌ ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေနံတင်သင်္ဘောများ အီရန်ကုမ္ပဏီထပ်မံမှာယူ

တီဟီရန် ဩဂုတ် ၂၅

ကမ္ဘာ့ပဉ္စမအကြီးဆုံး ဓာတုပစ္စည်းသယ် သင်္ဘောကုမ္ပဏီဖြစ်သည့် အီရန်အမျိုးသားသင်္ဘောကုမ္ပဏီ(အင်န်အိုင်တီစီ)အနေဖြင့် နော်ဝေနိုင်ငံမှ ရေနံတင်သင်္ဘောသစ်များ(အပေါ်ပုံ) ထပ်မံမှာယူထားကြောင်း၊ ၂၀၀၉ခုနှစ် ပထမလေးလအတွင်း သင်္ဘောသစ် လေးစင်း လွှဲပြောင်းလက်ခံရရှိမည်ဖြစ်ကာ ၂၀၁၀ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း သင်္ဘော ၁၁စင်း ထပ်မံလွှဲပြောင်းရရှိမည်ဖြစ်ကြောင်း၊ ယင်းသင်္ဘောသစ်များ လက်ခံရရှိပြီးပါက အီရန်အမျိုးသားသင်္ဘောကုမ္ပဏီအနေဖြင့် ကမ္ဘာ့တတိယအကြီးဆုံး ဓာတုပစ္စည်းသယ်သင်္ဘောကုမ္ပဏီ ဖြစ်လာမည်ဖြစ်ကြောင်း အင်န်အိုင်တီစီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယူအေအီးစွမ်းအင်အသုံးစရိတ် ထပ်မံဖြည့်တင်းမည်

ဒူဘိုင်း ဩဂုတ် ၂၅

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာလျက်ရှိရာ လာမည့် ၂၀၁၈ခုနှစ်အရောက်တွင် စွမ်းအင်ကဏ္ဍအတွက် အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ထပ်မံဖြည့်တင်းရမည်ဖြစ်ကြောင်း ပင်လယ်ကွေ့သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကူဝိတ်ရေနံကုမ္ပဏီ လေးလအတွင်း ဝင်ငွေမြင့်တက်

ကူဝိတ်စီးတီး ဩဂုတ် ၂၅

ကူဝိတ်နိုင်ငံပိုင် ရေနံကုမ္ပဏီအနေဖြင့် ယခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း ဝင်ငွေ ၄ဒသမ ၁၅သန်း ရရှိခဲ့ရာ ယမန်နှစ် အလားတူ ကာလကထက် ၇၄ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ယင်းမှာ ကူဝိတ်အစိုးရအနေဖြင့် ရေနံတူးဖော်ရေး၊ ရေနံသန့်စင်ရေး၊ ရေနံများအား သင်္ဘောဖြင့်တင်ပို့နိုင်ရေးနှင့် ရေနံဓာတုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း ၂၅-၈-၂၀၀၈

အရှေ့အလယ်ပိုင်းဒေသ စွမ်းအင်ဆိုင်ရာ သတင်းပဒေသာ

အီရန်က တရုတ်သို့ စက်သုံးဆီ တင်ပို့မှု တတိယအများဆုံး နေရာ၌ရှိနေ

ပေကျင်း ဩဂုတ် ၂၅

အီရန်နိုင်ငံ၏ ပဲရစ်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် တရုတ်အမျိုးသား ရေနံကုမ္ပဏီတို့ပူးပေါင်းလျက် အီရန်၌ ရေနံတွင်းသစ် တူးဖော်ရေးကဏ္ဍကို ဆွေးနွေးလျက်ရှိသည်။ ၎င်းနှစ်နိုင်ငံ ကုမ္ပဏီများမှ အဆိုပါပူးပေါင်းဆောင်ရွက်မှုပြီးစီးပါက အာရှနှင့် ဥရောပဈေးကွက်များသို့ တင်ပို့မည်ဖြစ်သည်။ အီရန်နိုင်ငံသည် စက်သုံးဆီတင်ပို့မှု၌ အင်ဂိုလာနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့ပြီးလျှင် တရုတ်နိုင်ငံသို့ တတိယအများဆုံး တင်ပို့သည့် နိုင်ငံဖြစ်သည်။

ယူကရိန်းနှင့်ပါကစ္စတန် စွမ်းအင်ဆိုင်ရာကုန်သွယ်မည်

အစ္စလမ္မာဘတ် ဩဂုတ် ၂၅

ယူကရိန်းနှင့်ပါကစ္စတန်နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်အနေဖြင့် စွမ်းအင်ဆိုင်ရာ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုဆိုင်ရာတို့တွင် ကုန်သွယ်မှုပြုလုပ်မည်ဖြစ်ပြီး လာမည့် အောက်တိုဘာလတွင် ယူကရိန်းနိုင်ငံ၌ နှစ်နိုင်ငံ ထုတ်ကုန်ပြပွဲကို ကျင်းပမည်ဖြစ်သည်။

အီရန်မှသဘာဝဓာတ်ငွေ့ အိုမန်သို့ တင်ပို့မည်

တီဟီရန် ဩဂုတ် ၂၅

အိုမန်နိုင်ငံသို့ အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့တင်ပို့ရေး သဘောတူညီမှုကို နှစ်နိုင်ငံစွမ်းအင်ဝန်ကြီးများက သဘောတူလက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ အီရန်နိုင်ငံမှ အိုမန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည် ကုဗပေတစ်ဘီလီယံ တင်ပို့ပေးမည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်းစီးပွားရေးလုပ်ငန်းစုက ပြောကြားသည်။ အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များကို အိုမန်နိုင်ငံသို့ ပိုက်လိုင်းဖြင့် တင်ပို့မည်ဖြစ်ကာ အိုမန်နိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)**

နေစွမ်းအင်သုံးလေယာဉ် ကမ္ဘာ့စံချိန်တင် ပျံသန်း

လန်ဒန် ဩဂုတ် ၂၅

ဗြိတိသျှသိပ္ပံပညာရှင်များသည် လူလိုက်ပါခြင်းမရှိသော နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကိုပြုလုပ်လျက် ကမ္ဘာ့စံချိန်တင် ပျံသန်းနိုင်ခဲ့ကြောင်း ဩဂုတ် ၂၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပျံသန်း

ဇီဖာ-၆ ဟု အမည်ပေးထားသော အဆိုပါလေယာဉ်သည် နေရောင်ခြည်ဖြင့် အားသွင်းထားသည့် ဘက်ထရီများကို အသုံးပြုပြီး ညအခါတွင်လည်း ပျံသန်းခဲ့ရာ သုံးရက်ကျော်ကြာ ပျံသန်းနိုင်ခဲ့သည်ဟု ဆိုသည်။

ယင်းနေရောင်ခြည်စွမ်းအင်သုံး လေယာဉ်သည် စစ်မြေပြင်သတင်းအချက်အလက်များ ထောက်လှမ်းရာတွင် များစွာအထောက်အကူ ပြုနိုင်လိမ့်မည် ဖြစ်သည်။

ဇီဖာ-၆ လေယာဉ်သည် နာရီပေါင်း ၈၂ နာရီနှင့် ၃၇ မိနစ်ကြာအောင် မရပ်မနားပျံသန်းနိုင်သည်။ ယခင်က အမေရိကန်မှ စက်ရုပ်လေယာဉ် ဂလိုဘယ်ဟောဝပ်သည် နာရီ ၃၀ နှင့် ၂၄ မိနစ်သာ ပျံသန်းနိုင်စွမ်းရှိသည်။ (အင်တာနက်)

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ၊ လူ၂၀ သေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွတ်ဒ်တောင်ကြားဒေသတွင် ဩဂုတ် ၂၃ ရက်က အသေခံဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားရာ အနည်းဆုံး လူ၂၀သေဆုံးခဲ့ကြောင်း ဒေသ တွင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။

တိုက်ခိုက်

အနောက်မြောက်ပိုင်း ဖောင့်တီရာ့ပြည်နယ် ဆွတ်ဒ်တောင်ကြားရှိ ရဲစခန်းအတွင်းသို့ အသေခံဗုံးခွဲသမားက ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်လာသည့်ကားကို မောင်းဝင်လာကာ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ပြီးခဲ့သည့် ဩဂုတ်၂၁ရက်က ပန်ဂျပ်ပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၇၀ကျော် သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

အုံမခန်းဖွယ် သဘာဝရှုခင်းများနှင့် ပီရူးနိုင်ငံ

ပီရူးနိုင်ငံသည် တောင်အမေရိကတိုက်၏ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ကမ်းရိုးတန်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၏ စုံလင်ကြွယ်ဝသည့် အမွေအနှစ်များတွင် အင်ကာခေတ် မြို့တော်ကပ်ကိုနှင့် မက်ချူပစ်ချူး မြို့ဟောင်းတို့ပါဝင်သည်။ ကမ္ဘာပေါ်၌ အမြင့်ဆုံးဖြစ်ပြီး လှေသင်္ဘောသွားလာနိုင်သော ရေအိုင်ဖြစ်သည့် တီတီကာကာရေအိုင်ကြီးအပါအဝင် အံ့မခန်းဖွယ် သဘာဝရှုမျှော်ခင်းများကလည်း နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာများဖြစ်သည်။

မတိုးတက်ခဲ့ပေ

ဤနိုင်ငံ၌ ကြေးနီ၊ ငွေ၊ ခဲ၊ သွပ်၊ ရေနံနှင့် ရွှေများ ထွက်ရှိပိုင်ဆိုင်ထားသည်။ သို့ပင်ဖြစ်ငြား အဆက်ဆက်သော အစိုးရများက လူမှုရေးနှင့် စီးပွားရေး မညီမျှမှုတို့ကို နိုင်နင်းအောင် မကိုင်တွယ်နိုင်ခြင်းနှင့် အဂတိလိုက်စားမှုတို့ကြောင့် တိုးတက်သင့်သလောက် မတိုးတက်ခဲ့။

ကြေညာ

ဖရန်စစ္စကိုပစ်ဇာရို ဦးဆောင်သည့် စပိန်အောင်နိုင်သူများက အင်ကာအင်ပါယာကို အောင်ပွဲခံသိမ်းယူသည်။ ယင်းနောက် လီမာမြို့တော်နှင့်အတူ ပီရူးစီရင်ပိုင်ခွင့်အာဏာအောက် ရောက်ရှိသွားသည်။ ၁၈၂၁ ခုနှစ်တွင် စပိန်တို့လက်မှ လီမာကို ဗိုလ်ချုပ်ကြီး ဟိုဆေးဒီဆန်မာတင်က သိမ်းယူပြီး ပီရူးနိုင်ငံ လွတ်လပ်ရေးကြေညာသည်။

၁၈၃၆-၁၈၃၉ ခုနှစ်တွင် ပီရူးနှင့် ဘိုလစ်ဗီးယားတို့ ပူးပေါင်းကာ ဖက်ဒရေးရှင်းဖွဲ့သည်။၁၈၇၉-၁၈၈၃ ခုနှစ်တွင် ပစိဖိတ်စစ်ပွဲ၌ ချီလီက အောင်ပွဲခံလိုက်သဖြင့် ပီရူးတောင်ပိုင်းကို ချီလီနိုင်ငံသို့ ပေးလိုက်ရသည်။ ၁၈၄၉-၁၈၇၄ ခုနှစ်တွင် မြေဩဇာအဖြစ်အသုံးပြုသော ပင်လယ်ငှက်ချေးကောက်လုပ်ငန်းကဲ့သို့သော အစေအပါးအလုပ်မျိုး လုပ်ကိုင်ရန် ပီရူးသို့တရုတ် ၈၀၀၀၀မှ ၁၀၀၀၀၀ အကြား ရောက်ရှိလာသည်။

၁၉၂၄ ခုနှစ်တွင် ဗစ်တာရောလ်ဟာယာဒီလာတော်ရီက အမျိုးသားရေး အမေရိကန်တော်လှန်ရေး ပြည်သူ့မဟာမိတ်(အေပီအာရ်အေ) ပါတီကို မက္ကဆီကိုနိုင်ငံ၌ ဖွဲ့စည်းသည်။

အငြင်းပွား

၁၉၄၁ ခုနှစ်တွင် ပီရူးနှင့် အီကွေဒေါနယ်စပ် ကော်ဒီလာရာဒဲကွန်ဒေါဒေသကိစ္စအတွက် နှစ်နိုင်ငံစစ်ဖြစ်သည်။ အငြင်းပွားနယ်အချို့ ပီရူးသို့ပေးရသည်။ ၁၉၈၁ခုနှစ်တွင် ယင်းနယ်အတွက် နယ်စပ်တိုက်ပွဲပြန်ဖြစ်သည်။

၁၉၄၅ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပအပြီး အေပီအာရ်အေပါတီဦးဆောင်သည့် အရပ်သားအစိုးရတက်သည်။ ၁၉၄၈ခုနှစ်တွင် အာဏာသိမ်းပြီးနောက် အုပ်ချုပ်ပြီး မင်ညျူရယ်အိုဒရီးယားဦးဆောင်သည့် အစိုးရတက်သည်။ ၁၉၆၃ခုနှစ်တွင် အရပ်သားအစိုးရတက်သည်။ ဖာနန်ဒိုဘီလောင်ဒီတာရီ သမ္မတဖြစ်လာသည်။ ၁၉၆၈ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဂျူအန်ဘဲလတ်စကိုက အာဏာသိမ်းသည်။ ၁၉၇၅ခုနှစ်တွင် ဘဲလတ်စကိုအား ဗိုလ်ချုပ်ကြီး မိုရာလက်စ်ဘာမူဒက် ဦးဆောင်ပြီး စစ်ဘက်က အာဏာထပ်မံသိမ်းသည်။

အနိုင်ရ

၁၉၈၀ပြည့်နှစ်တွင် အရပ်သားအစိုးရတက်သည်။ ဖာနန်ဒိုဘီလောင်ဒီအား သမ္မတအဖြစ် ပြန်လည်တင်မြှောက်သည်။ ရှိုင်းနင်းပတ်ပြောက်ကျား သူပုန်များထကြွသည်။ ၁၉၈၅ခုနှစ်တွင် အေပီအာရ်အေမှ အလန်ဂါဆီယာ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရသည်။

တာဝန်ပေးအပ်

၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖူဂျီမိုရီသမ္မတ ဖြစ်လာသည်။ ၁၉၉၂ခုနှစ်တွင် စစ်တပ်၏ထောက်ခံမှုဖြင့် ဖူဂျီမိုရီကဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သည်။ ရှိုင်းနင်းပတ်ခေါင်းဆောင်အဖမ်းခံရပြီး ထောင်ဒဏ် ၁၀နှစ် ပြစ်ဒဏ်ချလိုက်သည်။ ၁၉၉၃ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖူဂျီမိုရီပြန်လည် ရွေးချယ်ခံခွင့်ရသည်။ ၁၉၉၅ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် ရွေးချယ်ခံရသည်။ ၂၀၀၀ပြည့်နှစ် နိုဝင်ဘာ၂၀ရက်တွင် နိုင်ငံရေးနှင့်ဘဏ္ဍာရေးအရှုပ်တော်ပုံများ ပေါ်ပေါက်ပြီးနောက် သမ္မတ ဖူဂျီမိုရီ ရာထူးမှနုတ်ထွက်သည်။ ထိုနှစ်နိုဝင်ဘာ ၂၂ရက်တွင် ပီရူးကွန်ဂရက်က ဖူဂျီမိုရီအား ဖယ်ရှားပြီး ကွန်ဂရက်ဥက္ကဋ္ဌ ဗယ်လင်တင်အား ယာယီသမ္မတအဖြစ် ခန့်အပ်တာဝန်ပေးသည်။

၂၀၀၁ခုနှစ် မတ်လတွင် သမ္မတဟောင်း ဖူဂျီမိုရီအနေဖြင့် တာဝန်ဝတ္တရားတမင်ပျက်ကွက်မှုဖြင့် တရားရင်ဆိုင်ရန် ပီရူးတရားသူကြီးတစ်ဦးက အမိန့်ထုတ်သည်။

၂၀၀၁ခုနှစ် ဇွန်လ သမ္မတရွေးကောက်ပွဲတွင် အလက်ဂျန်ဒရိုတိုလီဒိုသမ္မတဖြစ်လာသည်။ သူသည် ပထမဆုံးသောတိုင်းရင်းသား အိန္ဒိယဇာတိဖွား သမ္မတဖြစ်ခဲ့သည်။

ပူးပေါင်းကြံစည်

၂၀၀၁ခုနှစ် ဇွန်လတွင် ပီရူးထောက်လှမ်းရေးမှူးဟောင်း မွန်တက်ဆီနိုကို ဗင်နီဇွဲလားနိုင်ငံ၌ ဖမ်းမိသည်။ ပီရူးသို့လွှဲအပ်သဖြင့် ချုပ်နှောင်ထားသည်။ ၂၀၀၂ခုနှစ် ဇူလိုင်လတွင် အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ကိုးနှစ်၊ ၂၀၀၃ခုနှစ် မတ်လတွင် အာဏာအလွဲသုံးစားမှုတို့ဖြင့် ထောင်ဒဏ်ကိုးနှစ်၊ ရှစ်နှစ်၊ ၂၀၀၄ခုနှစ် ဇွန်လတွင် အဂတိလိုက်စားမှု၊ အလွဲသုံးစားမှု၊ ပူးပေါင်းကြံစည်မှုတို့ဖြင့် နောက်ထပ်ထောင်ဒဏ် ၁၅နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

၂၀၀၁ခုနှစ် စက်တင်ဘာတွင် ဂျပန်နိုင်ငံသို့ တိမ်းရှောင်နေသော ဖူဂျီမိုရီအား ပီရူးနိုင်ငံတော် တရားရုံးချုပ်က ဖမ်းဝရမ်းထုတ်သည်။ ၂၀၀၂ခုနှစ် ဇူလိုင်လတွင် သမ္မတဟောင်း ဖူဂျီမိုရီအား နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် ပီရူးအမတ်များက စွပ်စွဲသည်။

စွဲချက်တင်

၂၀၀၅ခုနှစ် နိုဝင်ဘာတွင် ဖူဂျီမိုရီ ဂျပန်နိုင်ငံမှ ချီလီနိုင်ငံအရောက် အဖမ်းခံရသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာတွင် ပီရူးသို့လွှဲပြောင်း ပေးအပ်သဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုတို့ဖြင့် စွဲချက်တင်ခံရသည်။ ထိုနှစ်ဒီဇင်ဘာတွင် သူ့လက်ထက်က ၂၅ဦးကို လက်ဖြောင့်တပ်သားများဖြင့် ပစ်သတ်စေမှုဖြင့် တရားရင်ဆိုင်ရသည်။ အခြားအမှုတွင် ပြစ်မှုထင်ရှားသဖြင့် ဖူဂျီမိုရီအား ထောင်ဒဏ်ခြောက်နှစ် ချမှတ်လိုက်သည်။

၂၀၀၆ခုနှစ် ဇွန်လသမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်းအလန်ဂါဇီယာ ဒုတိယအကြိမ်တွင် အနိုင်ရသည်။ ထိုနှစ်အောက်တိုဘာတွင် ရှိုင်းနင်းပတ် သူပုန်ခေါင်းဆောင် ဂတ်ဇ်မင်းအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်သည်။

မည်သို့ပင်ဖြစ်စေ ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူနေသည့် ဤနိုင်ငံသည် အာရှနှင့် ဘရာဇီးနိုင်ငံအကြား အရေးပါသည့် ဆက်သွယ်ရေးဌာနေဖြစ်နေသည်ကို တွေ့ရှိနိုင်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ယန်ချန်မြို့ အမျိုးသားပြတိုက်၌ ပြသထားသော ဘီစီ ၂၂၁ခန့်က ကြေးရုပ်တုများကို ကမ္ဘာလှည့်ခရီးသွားများက စိတ်ဝင်စားဖွယ် ကြည့်ရှုလေ့လာနေသည်ကို ဩဂုတ် ၂၄ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

● *ကျောဖုံးမှ*

စီးကြောင်းများ

ရေခဲမြစ်များကို အမျိုးအစား လေးမျိုးခွဲခြားနိုင်ပြီး ပထမအမျိုးအစားမှာ တောင်ကြား သို့မဟုတ် တောင်ပေါ် ရေခဲမြစ်များ (valley or mountain glaciers) ဖြစ်သည်။ ရှေးဦးစွာ တောင်ကြားဒေသများတွင် ချောင်းများဖွဲ့စည်း ဖြစ်ပေါ်ခဲ့ပြီးနောက် တောင်ပေါ်နှင်းပြင်များ(snow fields) အဖြစ်သို့ ပြောင်းလဲလာကာ ရွေ့လျားနေသော ရေခဲထု၏ စီးကြောင်းများ ဖြစ်လာသည်။

အဲလ်ပ် (Alps) တောင်တန်းဒေသသည် ဥရောပရှိနိုင်ငံအတော်များများကို ဖြတ်သန်းသွားပြီး တောင်ပေါ် ရေခဲမြစ် ပေါင်း ၁၂၀၀ကျော် တည်ရှိသည်။

ရေခဲမြစ်များအနက် ဒုတိယအမျိုးအစားကိုမူ တောင်ခြေရေခဲမြစ်များ(piedmont glaciers) ဟုခေါ်ပြီး လတ္တီတွဒ်မြင့်သောနေရာများတွင် တွေ့ရသည်။

ဖွဲ့စည်းဖြစ်ပေါ်

တောင်ကြားရေခဲမြစ်များ ပေါင်းဆုံစီးဆင်းရာမှလည်းကောင်း၊ တောင်ကြားရေခဲမြစ်များ ကြီးထွားကျယ်ပြန့်လာမှုကြောင့်လည်းကောင်း တောင်ခြေရေခဲမြစ်များ ဖွဲ့စည်းဖြစ်ပေါ်သည်။

တတိယအမျိုးအစား ရေခဲမြစ်များမှာ လိပ်ခုံးပုံရေခဲမြစ်များ (dome-shaped glaciers) ဖြစ်သည်။ ရေခဲလွင်ပြင်များ (ice caps)အဖြစ် သိရှိကြသော ပြန့်ပြူးညီညာသည့် ရေခဲချပ်များ တည်ရှိရာနေရာများတွင် လိပ်ခုံးပုံ ရေခဲမြစ်များကို တွေ့ရသည်။ ယင်းရေခဲမြစ်များသည် ဘက်ပေါင်းစုံသို့ အလျားလိုက်နှင့် အပြားလိုက် ပျံ့နှံ့သွားသည်။

စတုတ္ထအမျိုးအစား ရေခဲမြစ်ဖြစ်သည့် ကုန်းမြေတိုက်ဆိုင်ရာ ရေခဲမြစ်များ(continental glaciers) သည် ကြီးမားကျယ်ပြန့်လှသည့် ရေခဲလွင်ပြင်များဖြစ်သည်။ ယင်းရေခဲမြစ်များ၏ အနားသတ်ရေခဲထုများသည် ရေခဲတောင်များ (icebergs)အဖြစ် ဖွဲ့စည်းရန် ပြိုကွဲသွားဖွယ်ရှိသည်။ ရေခဲမြစ်တစ်စင်းမှ ပြိုကွဲထွက်ကာ ပင်လယ်ပြင်အတွင်း မျောပါနေသည့် ရောမရေခဲထုကြီးကို ရေခဲတောင်ဟူ၍ခေါ်တွင်သည်။ တည်ရှိနေဆဲ ဖော်ပြပါ အမျိုးအစားရေခဲမြစ်ကို နေရာနှစ်နေရာ၌သာ တွေ့နိုင်သည်။ ယင်းတို့မှာ ဂရင်းလန် ရေခဲလွင်ပြင်များ (Greenland ice sheets)နှင့် အန္တာတိက ရေခဲလွင်ပြင်များ(Antarctica ice sheets)ဖြစ်သည်။ ဂရင်းလန်ကျွန်းသည် မြောက်အမေရိကတိုက် အရှေ့မြောက်ဘက်တွင်တည်ရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းဖြစ်သည်။ တောင်ဝင်ရိုးစွန်းဝန်းကျင်ရှိ အန္တာတိက ဒေသမှာမူ ရေခဲလုံးဝ ဖုံးလွှမ်းနေသည့် နေရာဖြစ်သည်။ ရေခဲခေတ်များ ကာလအတွင်းက ကုန်းမြေတိုက်ဆိုင်ရာ ရေခဲမြစ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်ဟု မှတ်တမ်းများက ဆိုသည်။

ရေခဲမြစ်များ၏ ဘူမိဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုကို လေ့လာပါက ရေခဲမြစ်များသည် ဒေသန္တရ မြေပြင်လက္ခဏာ(topography)ကို ပြောင်းလဲနိုင်သည်။ ရေခဲမြစ်များ၏ ဆောင်ရွက်ချက်များတွင် တိုက်စားခြင်း(erosion)၊ သယ်ယူခြင်း(transportation)နှင့် အနည်ထိုင်ခြင်း(deposition)တို့ ပါဝင်သည်။

တရွေ့ရွေ့ပြောင်းလဲ

တောင်ပေါ်ရေခဲမြစ်များ (mountain glaciers)သည် အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဌာန်ရှိ တောင်ကြားဒေသများကို ယူပုံသဏ္ဌာန် တောင်ကြားဒေသများအဖြစ်သို့ တရွေ့ရွေ့ပြောင်းလဲစေသည်။ ရေခဲမြစ်၏ လက်တက်များတည်ရာအတိုင်း ချောင်းများ စီးဆင်းချိန်တွင် ရေတံခွန်များ (waterfalls)နှင့် ရေတံခွန်လျှောများ (cascade)ဖွဲ့စည်း ဖြစ်ပေါ်တတ်သည်။

ရေခဲမြစ်ဆိုင်ရာ တိုက်စားမှု(glacial erosion)မှ ဖြစ်ပေါ်လာသော အကျိုးအပဲ့များသည် ရေခဲမြစ်အောက်ဘက်တွင် စုဝေးနေတတ်ပြီး တိုက်စားမှု ဆက်လက်ဖြစ်ပေါ်ရန် အားပေးသည်။ ရေခဲမြစ်ဆိုင်ရာ အနည်ကျခြင်း (glacial deposits)ကို ရေခဲပါကျောက်မြေ (till) သို့မဟုတ် အပေါ်ယံကျောက်စု (drift)အဖြစ် သိရှိကြသည်။ နွေရာသီတွင် ရေခဲအရည်ပျော်မှုကြောင့် ရေခဲမြစ်ဆိုင်ရာ ချောင်းများ(glacial streams)ဖြစ်ပေါ်ကာ ရေခဲအောက်ဘက်မှ စီးဆင်းလျက်ရှိသည်။

ရေခဲမြစ်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော သဘာဝရေချို ရေလှောင်တမံ (reservoir of freshwater) ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

ရေခဲမြစ်များကို ဝင်ရိုးစွန်းဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့နိုင်သည်။ ကမ္ဘာ့အပူပိုင်းဇုန်တွင်မူ အမြင့်ဆုံး တောင်တန်းများ၏ တောင်ပေါ်ဒေသများ၌ တွေ့နိုင်သည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးတိုင်းတွင် ရေခဲမြစ်များတည်ရှိပြီး ကမ္ဘာ့နိုင်ငံ ၄၇နိုင်ငံတွင် ရေခဲမြစ်များတည်ရှိသည်။

အင်ဒီးစ်တောင်တန်း (Andes)၊ ဟိမဝန္တာတောင်တန်း (Himalaya)၊ ရော်ကီတောင်တန်း (Rocky Montains)၊ ကော့ကေးဆပ်ဒေသ(Caucasus)နှင့် အဲလ်ပ်တောင်တန်း(Alps)တို့တွင် ရေခဲမြစ်များကို တွေ့ရှိနိုင်သည်။

အာရှအလယ်ပိုင်းရှိ တောင်တန်းကြီးများသည် မီတာ ၆၀၀၀အထက် မြင့်မားသည်။ ဟိမဝန္တာတောင်တန်းသည် ရေခဲမြစ်တို့ စီးဆင်းရာ အထင်ကရ ဘူမိနက်သန်နေရာပင်ဖြစ်သည်။

နေစကြဝဠာ (solar system) ရှိ အင်္ဂါဂြိုဟ်တွင် ဝင်ရိုးစွန်း ရေခဲလွင်ပြင်များရှိကြောင်း သိပ္ပံပညာရှင်များ တွေ့ရှိထားသည်။ ။ ***ကိုးကား-အင်တာနက်သတင်းမှတ်စုများ***

အောင်သုတ

သွားမှ ရိုးတွင်းခြင်ဆီဆဲလ် ဂျပန်သိပ္ပံပညာရှင်များ တီထွင်

တိုကျို ဩဂုတ် ၂၅

ဂျပန်နိုင်ငံတွင် ၁၀နှစ်အရွယ် မိန်းကလေးတစ်ဦး နုတ်လိုက်သောသွားမှ တစ်သျှူးကိုသုံးပြီး ရိုးတွင်းခြင်ဆီ ဆဲလ်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သုံးသပ်တင်ပြ

အဆိုပါ ရိုးတွင်းခြင်ဆီဆဲလ်သည် ရောဂါဝေဒနာမျိုးစုံ ခံစားနေရသော လူသားအများစုအတွက် ကုသရေးအတွင် များစွာ အကျိုးဖြစ်ထွန်းလိမ့်မည်ဖြစ်ကြောင်း ဂျပန်သုတေသန ပညာရှင်များက သုံးသပ်တင်ပြထားသည်။

ယုံကြည်

ရိုးတွင်းခြင်ဆီဆဲလ်သည် လူ့ခန္ဓာကိုယ်အတွင်းရှိ အခြားသောဆဲလ်များ ကောင်းမွန်လာရန်အတွက်လည်း အကျိုးပြုနေသဖြင့် ကင်ဆာနှင့် ဆီးချိုရောဂါများကုသရာတွင် အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားသည်။

ကုထုံးသစ်

ယင်းလေ့လာတွေ့ရှိချက်ကြောင့် အနာဂတ်တွင် ရိုးတွင်းခြင်ဆီ သုံးပြီးရောဂါ ကုထုံးအသစ်များ ပေါ်ပေါက်လာမည်ဟု ဆိုသည်။



အင်တာနက် ကျန်းမာရေး

သူတို့အတွေးနှင့်အမြင်

He that falls today may be up again tomorrow.

ယနေ့လဲကျသွားသောသူသည် မနက်ဖြန်၌ ပြန်နိုးထလာပေလိမ့်မည်။

ဆာဗန်တီးစ်
(စပိန်လူမျိုးစာရေးဆရာ)

Knowledge and human power are synonymous.

ဗဟုသုတနှင့်လူသား၏ ခွန်အားသည် အဓိပ္ပာယ်တူမျှပင်ဖြစ်သည်။

ဖရန်စစ်ဘေကွန်
(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်၊ စာရေးဆရာနှင့်နိုင်ငံရေးသမား)

အရပ်သား ၇၀ကျော်သေဆုံးသည့် ကန်၏တိုက်ခိုက်မှု အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းပြစ်တင်ဝေဖန်

ကဘူးလ် ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် တစ်ဖက်သတ် စစ်ဆင်ရေးများပြုလုပ်သည့်အတွက် အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းက အမေရိကန် တပ်ဖွဲ့များအား ဝေဖန်လိုက်သည်။ ထိုစစ်ဆင်ရေးများကြောင့် အနည်းဆုံး အရပ်သား ၇၀သေဆုံးကြောင်း အာဖဂန်အစိုးရက ကြေညာသည်။

ငြင်းဆို

ယင်းကိစ္စနှင့် ပတ်သက်၍စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အရပ်သားသေဆုံးမှု တစ်စုံတစ်ရာ မရှိဟု အမေရိကန်တို့က ဦးစွာငြင်းဆိုခဲ့သည်။

လူ့အခွင့်အရေး

အမျိုးသမီးများနှင့် ကလေးများ အပါအဝင် အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် အရပ်သား၇၀ကျော်သေဆုံးကြောင်း အာဖဂန်လူ့အခွင့်အရေးကော်မရှင်က ကြေညာသည်။

နိုင်ငံအနောက်ပိုင်း၌ အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် အာဖဂန်သမ္မတကာဇိုင်းနှင့်နိုင်ငံတကာတပ်များအကြား ဆက်ဆံရေး ပိုမိုတင်းမာသွားစေသည်ဟု ဆိုသည်။

(အင်တာနက်)



စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲ၌ ကိုးကာရက်ရှိပြီး အမေရိကန်ဒေါ်လာ ၁ဒသမ၅သန်း တန်ဖိုးရှိသော စိန်လက်စွပ်တစ်ကွင်းအား ပြသထားသည်ကို ဩဂုတ်၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

✳ ကျောဖုံးမှ

ရွေ့လျား

နေဂြိုဟ်နှင့်သောကြာဂြိုဟ်တို့၏ အနီးကပ်ဆုံးယှဉ်လျက်ရှိသည့် အနေအထားကို အနောက်နိုင်ငံများက အနည်းဆုံးတစ်နာရီခန့်ကြာအောင်တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ သောကြာဂြိုဟ်အနေဖြင့် နေဂြိုဟ်အနီးသို့ ရွေ့လျားသည့်အခါ အလွန်နွေးထွေးသည့် အနေအထားဖြင့် ရွေ့လျားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့ရှိရ

သောကြာဂြိုဟ်သည် လက်ရှိအနေအထား၌ စနေဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့အနီး တည်ရှိနေကြောင်း တွေ့ရှိရသည်ဟု နက္ခတ္တဗေဒပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ရေနံဈေးနှုန်းပြန်ကျ၊ ဒေါ်လာတန်ဖိုးမြင့်တက်

လန်ဒန် ဩဂုတ် ၂၅

ကမ္ဘာ့ရေနံဈေးနှုန်းသည် လွန်ခဲ့သော ဩဂုတ် ၂၂ရက်မှစပြီး တစ်စည်လျှင် တစ်ဒေါ်လာကျော် ဈေးကျသွားသဖြင့် အမေရိကန်ဒေါ်လာတန်ဖိုး တက်လာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်ရေနံဈေးကွက်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၈၃ဒေါ်လာရှိခဲ့ရာ ၁ဒသမ ၃၈ဒေါ်လာဈေးကျသွားသည်။ လန်ဒန်ဈေးကွက်တွင် တစ်စည်လျှင် ၁၁၈ ဒသမ ၈၁ဒေါ်လာရှိခဲ့ရာ ၁ဒသမ ၃၅ဒေါ်လာ ဈေးကျသွားသည်။

ပြန်တက်

အိုပက်အဖွဲ့က ရေနံတိုးထုတ်လိုက်သဖြင့် ရေနံဈေးနှုန်းမှာ ထိုးကျသွားသည်။ ရင်းနှီးမြှုပ်နှံသူများက ရေနံအစား ဒေါ်လာနှင့် ဆက်စပ်သော လုပ်ငန်းများတွင် တစ်ဖန်ရင်းနှီးမြှုပ်နှံလာကြသဖြင့် ဒေါ်လာဈေးပြန်တက်လာသည်။

ကျဆင်း

ရေနံဈေးနှုန်းမှာ လွန်ခဲ့သော ဇူလိုင်က တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၄၇ဒေါ်လာအထိ မြင့်တက်ခဲ့ရာမှ တဖြည်းဖြည်းပြန်လည်ကျဆင်းလာလျက်ရှိသည်။ (အင်တာနက်)

ဘ၀အမောပြေ

ဆေးအရောင်းတော်လိုက်ပုံက....

ဆေးဆိုင်ပိုင်ရှင်က ဆေးဆိုင်အတွင်းလှမ်းဝင်လိုက်ချိန်၌ ဆိုင်နံရံကို နွမ်းလျစွာမှီပြီး ခေါင်းအောက်ချနေသော လူတစ်ဦးကို တွေ့လိုက်သဖြင့် အရောင်းဝန်ထမ်းအား မေးလေသည်။

ပိုင်ရှင် ။ ။ ဒီလူက ဘာဖြစ်နေတာလဲ။
အရောင်းဝန်ထမ်း ။ ။ မနက်က ချောင်းဆိုးပျောက်ဆေး လာဝယ်တဲ့ သူပါ။
ပိုင်ရှင် ။ ။ မရောင်းလိုက်ဘူးလား။
အရောင်းဝန်ထမ်း ။ ။ ရောင်းလိုက်ပါတယ်။ ဒါပေမယ့် ချောင်းဆိုးပျောက်ဆေး ရှာမတွေ့တာနဲ့ ဝမ်းနုတ်ဆေး တစ်ပုလင်း ပေးလိုက်မိတယ်။
ပိုင်ရှင် ။ ။ ဟာ... မင်းအတော်အသုံးမကျတာဘဲ၊ ချောင်းဆိုးတာကို ဝမ်းနုတ်ဆေးနဲ့ ကုလို့မှမရတာ။
အရောင်းဝန်ထမ်း ။ ။ ကုလို့ရပါတယ်ဆရာ၊ အခု ချောင်းတောင်မဆိုးရဲတော့ဘူးလေ...။
ပိုင်ရှင် ။ ။ “ဟေ”

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

စက်ဘီးစီးနင်းပြသ ဖျော်ဖြေတင်ဆက်မှုကို ဤသို့ တွေ့ရသည်။

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားၓ ဤသို့ လှပဆန်းကြယ်သော သရုပ်ပြကွက်များဖြင့် ရှုမငြီးစရာ ဖျော်ဖြေတင်ဆက်ခဲ့သည်။



မဟာတံတိုင်း အဝင်မုခ်ဦးကို အိုလံပစ်အထိမ်းအမှတ်အဖြစ် ဤသို့ တန်ဆာဆင်ထားခဲ့သည်။

ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားၓ တရုတ်လုပ်ျဖြူများက ဤသို့ သရုပ်ပြဖျော်ဖြေခဲ့ကြသည်။

ပေကျင်းအိုလံပစ်သတင်းဆွဲသည်
သတင်းထောက်တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ထိန်လင်း (မြန်မာ့အလင်း)

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့ၓ ဩဂုတ်၈ရက်မှ ၂၄ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။

ပေကျင်းအိုလံပစ်အားကစားပွဲတော်အတွက် ပေကျင်းမြို့တစ်မြို့လုံး သာယာလှပသန့်ရှင်းအောင် ဆောင်ရွက်ထားခဲ့ပြီး အဆောက်အအုံများအားလုံးကိုလည်း သပ်ရပ်လှပအောင် အထူးပြင်ဆင်ဆောင်ရွက်ထားခဲ့သဖြင့် နိုင်ငံတကာမှ ဧည့်သည်များ၏ ချီးမွမ်းအသိအမှတ်ပြုမှုခံခဲ့ရသည်။

ပေကျင်းမြို့ မိုးမျှော်အဆောက်အအုံနှင့် လမ်းမကြီးများကလည်း သန့်ရှင်း သပ်ရပ်စွာ ဤသို့ တွေ့ရသည်။

ပေကျင်းမြို့ရှိ ခံ့ညားလှပသော မိုးမျှော် ဟိုတယ်တစ်လုံးကို ဤသို့ တွေ့ခဲ့ရသည်။

● ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်အုန်းမြင့်က မိတ္ထီလာနှင့်ရမည်းသင်းခရိုင်တို့မှာ မြန်မာနိုင်ငံ၏ အချက်အချာနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ဒေသဖြစ်၍ ဌာနဆိုင်ရာများ အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်ရေး၊ ဒေသတွင်း စိုက်ဧကတိုးမြှင့်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးတို့အတွက် နိုင်ငံတော်က အဘက်ဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို နိုင်ငံတော်မှ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မိတ္ထီလာမှ မော်တော်ယာဉ်များဖြင့် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းအတိုင်း ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၅/၁)ရှိ မြတ်နိုးသူကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး၊ ပုဂံလမ်း အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၇/၆)ရှိ မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ ကွင်းအမှတ် ၈၂ရှိ တောင်သူဦးဘိုစိုး၏ လယ်မြေ ၁ဒသမ၁၂ဧက စိုက်ခင်း၌ ကောက်စိုက်သမများ၏ မိုးစပါးသရုပ်ပြ စိုက်ပျိုးနေမှုနှင့် စက်ယန္တရားများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကြကာ ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး စိုက်ခင်းအနီး ဖွင့်လှစ်ရောင်းချလျက်ရှိသော လယ်ယာစိုက်ပျိုးရေးသုံး ပစ္စည်းများနှင့် ဒေသခံတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးဝေနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအနီးရှိ မုန်တိုင်ရေလှောင်တမံ၌ ရေဝင်ရောက် သိုလှောင်ထားရှိမှု၊ မိတ္ထီလာကန်ကူရေ၊ မိုးစပါးအတွက် စိုက်ပျိုးရေပေးဝေနေသော ရေထုတ်ပြွန်နှင့် မြောင်းလက်တံတစ်လျှောက် စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မုန်တိုင်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ၄၂၀၀၊ တမံအမြင့် ၆၇ပေနှင့် ဆည်ရေသောက်ဧရိယာမှာ ၆၆၈၃ဧက ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းအတိုင်း ထွက်ခွာလာရာ မိတ္ထီလာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် နယ်စပ်၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် မကွေးတပ်နယ်မှ ဗိုလ်မှူးကြီးစိုးထွဋ်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ် (၁)ဇရပ်ကုန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးက လမ်းပိုင်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ တံတားများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်း တံတားဦးမြို့နယ်မှ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်အထိ အရှည်မိုင် (၄၀၀/၁)ဖာလုံရှိပြီး မန္တလေး-မကွေး-ပဲခူးနှင့် ရန်ကုန်တိုင်းတို့ကို ဖြတ်သန်းဖောက်လုပ်ထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ကျောက်ပန်းတောင်းမြို့ မြို့အဝင်၌ မြတ်နိုးသူကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့် မြေသားလမ်းတိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုပ္ပားတပ်နယ် ဦးအောင်ဇေယျခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၁)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၂ရက်က ကျောင်းခန်းမ၌ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးမျိုးဆွေက ဆဋ္ဌမတန်းမှ ပညာရည်ချွန်ဆုရရှိသူ နော်အယ်ဆီးအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

စပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူရှင်အသင်းက ကြီးမှူး၍ (၈)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဩဂုတ်၂၃ရက် နံနက်ပိုင်းက ဈေးသာယာရုံး၌ကျင်းပရာ ဈေးသူဈေးသားများနှင့် သွေးလှူရှင်များက သွေးပုလင်း၂၆၆ပုလင်းနှင့် စုပေါင်းလှူဒါန်းငွေကျပ် ၁၈၄၃၁၀၀ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)

သွေးလှူရှင်များအား ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့နှင့် အလှူရှင်များက တီရှပ်အင်္ကျီ၊ ဦးထုပ်၊ မျက်နှာသုတ်ပဝါနှင့် စားသောက်ဖွယ်ရာ အာဟာရဒါန ၁၀မျိုးကို ပြန်လည် လှူဒါန်းကြပြီး ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့ သွေးလှူရှင်အသင်းမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ လိုအပ်သော သွေးများအပြင် ဈေးသူဈေးသားများ၊ စေတနာရှင်များနှင့် သွေးလှူရှင်များက (၈)ကြိမ်မြောက်အထိ ငွေကျပ် သိန်း၉၀ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်စီ၌ စက်ရေတွင်းတူးဖော်

မန်စီ ဩဂုတ် ၂၅

မန်စီမြို့ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြ ရေပေးရေးလုပ်ငန်းဖြစ်သော မောရဝတီရပ်ကွက်နှင့် ကောင်ရာရပ်ကွက်တို့တွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင်၂၀ရက်က အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆွေက ကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သစ်ပင်စိုက်ပါ ဒီဂရမ်၊ သာယာလှပ စိမ်းမြမြ

Notebook အသစ် မိတ်ဆက် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

Toshiba Singapore Pte Ltd. နှင့် Lucky Bird Trading Co.,Ltd.တို့မှ Toshiba Notebook PC ၏ နည်းပညာသစ်များဖြင့် ပေါင်းစပ်ထားပြီး အရည်အသွေးမြင့်မားသော Notebook အသစ်များ မိတ်ဆက်ခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် ညနေ၅နာရီက ရန်ကုန်မြို့ရှိ Sedona Hotel, Ahlone Room ၌ ကျင်းပသည်။(အပေါ်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာLucky Bird Trading Co.,Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးထင်အောင်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Toshiba Singapore Pte Ltd.မှ မန်နေဂျာ Ms. Angela Amelia က အမှာစကား ပြောကြားသည်။ ယင်းနောက် Toshiba Singapore Pte Ltd.မှ Senior Specialist Mr. Darren Tsai က New Notebook အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

မိတ်ဆက်သရုပ်ပြ

အဆိုပါ Toshiba Notebook ကို နည်းပညာသစ် Smart Face နည်းပညာများဖြင့် ပေါင်းစပ်ထားသော Toshiba Satellite M 300နှင့် Toshiba Portege M 800, Toshiba Satellite L300, L 310, Toshiba Qosmio F 50,G 50 မော်ဒယ်အသစ် Notebook များကို မိတ်ဆက် သရုပ်ပြသပေးသည်။

တွေ့ရှိနိုင်

Smart Face နည်းပညာသည် အသုံးပြုသူ၏ မျက်နှာပြင် အစက်အပြောက် အရေးအကြောင်းများကို Digital စနစ်ဖြင့် လျှပ်တစ်ပြက် ရိုက်ကူးထားပြီး တုနိုင်း၍မရသော လျှို့ဝှက်သင်္ကေတကို ဖန်တီးပေးသည်။ Smart Face နည်းပညာ ပါဝင်သော Toshiba Notebook သုံးစွဲသူများသည် လျှို့ဝှက်သင်္ကေတ တစ်ခုမှတ်မိစရာ၊ ရိုက်ချစရာမလိုဘဲ မိမိမျက်နှာကို Windows Operating System သို့ သက်သောင့်သက်သာ Log-on ဝင်ရောက်နိုင်သည်။ Data လုံခြုံရေးပိုင်းအရ အလွန်ထိရောက်မှုရှိသည့် နည်းပညာသစ်ဖြစ်သည့်အပြင် မိသားစုတစ်စု(သို့မဟုတ်)ရုံးတစ်ရုံးထဲတွင် Notebook တစ်လုံးတည်းကို မျှသုံးနေသူများအတွက် Account တစ်ခုစီခွဲကာ Windows Operating System သို့ Log-on ဝင်ရောက်နိုင်သည့်အတွက် အထူးအသုံးဝင်သော စနစ်တစ်ခုအဖြစ် Toshiba က ထုတ်လုပ်သည့် Satellite, Portege Qosmio အမျိုးအစားများတွင် တွေ့ရှိနိုင်သည်။

ထို့အပြင် Quard Care HD Processor သုံးထားသည့် Toshiba Qosmio အမျိုးအစား Notebook သည် Gesture Control ပါဝင်ပြီး Notebook တွင် ပါဝင်သော Camera က အသုံးပြုသူ၏ လက်ဟန်ခြေဟန် လှုပ်ရှားမှုများကို မှတ်သားထားပြီး Mouse (သို့မဟုတ်) Remote Control ကို အသုံးမပြုဘဲ အဝေးမှနေ၍ Control လုပ်နိုင်သည်။

Control ဗီဒီယိုရိုက်ကူး တည်းဖြတ်ထုတ်လုပ်မှုများတွင် မြင့်မားသော စွမ်းရည်ရှိပြီး အလွန်လျင်မြန်သည့် တည်းဖြတ်မှုများကို ဖန်တီးထားပြီး ဖန်သားပြင်ပေါ်တွင် ပေါ်လာသည့် မျက်နှာများကို မှတ်သားထားကာ တည်းဖြတ်ရန်အတွက် ပြန်ကြည့်လျှင် အလွယ်တကူရှာ၍ရသည့် Face Navigation လည်း ပါဝင်သည်။

ထို့ကြောင့် Toshiba မှ ထုတ်လုပ်သည့် လျင်မြန်သည့်စွမ်းရည်ဖြင့် လုပ်ဆောင်မှုများကို Mouse အဝေးထိန်းခလုတ်တို့မပါဝင်ဘဲ လက်တစ်ချောင်းရှိရုံဖြင့် လိုသလိုစေခိုင်းနိုင်သည့်၊ ပြိုင်ဘက်ကင်းသည့် Toshiba Qosmio အမျိုးအစားဖြစ်သည်။

ဆက်သွယ်မေးမြန်း

အသေးစိတ်သိရှိလိုပါက Lucky Bird Trading Co.,Ltd.(ရန်ကုန်ရုံး) အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၀၉-၆၉-၂၅၄၄၊ ၀၉-၆၉-၂၇၇၂၉၊ မန္တလေးရုံး အမှတ် ၅၊ ၂၆(ဘီ)လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂၊ ၀၉-၈၀-၂၂၀၂၅၊ နေပြည်တော်ရုံး အမှတ် ၁၂၊ ရန်ကုန်-မန္တလေးလမ်းမကြီး ဆင်ရတနာရွှေ နေပြည်တော်ပျဉ်းမနား ဖုန်း-၀၆၇-၂၁၃၉၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေတွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဩဂုတ်၂၃ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေ စီမံကိန်းရှင်းလင်းဆောင်၌ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှ စက်ရုံမှူး ဦးအေးသောင်းက စက်ပစ္စည်းများရောက်ရှိပြီးအခြေအနေ၊ ထပ်မံရောက်ရှိလာမည့် အခြေအနေတို့ကိုလည်းကောင်း၊ မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံမှ စက်ရုံမှူး ဦးခင်မောင်ဦးက စက်များတပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှုအခြေအနေ၊ မြေထိုးမြေတူးယန္တရားများ ထုတ်လုပ်နိုင်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးစားအားထုတ်

ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ထုတ်လုပ်မည့် စက်ယန္တရားများ အရည်အသွေးပြည့်မီရေး၊ မိမိတို့ဆောင်ရွက်မည့် အပိုင်းများ တစ်ဆင့်တစ်ဆင့် တိုးတက်ပါဝင်ရေး၊ နည်းပညာ လွှဲပြောင်းရယူရာတွင် ကြိုးစားအားထုတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း မြေထိုးမြေတူးယန္တရားထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏ သတ္တုပုံသွင်းအလုပ်ရုံ၊ Welding အလုပ်ရုံ၊ တပ်ဆင်ရေးအလုပ်ရုံ၊ ဆေးမှုတ်အလုပ်ရုံများကို လည်းကောင်း၊ မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း တည်ဆောက်နေမှုကို လည်းကောင်း လှည့်လည် ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးက အဆောက်အအုံများဆောက်လုပ်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှုတို့အပေါ် ဟန်ချက်ညီစွာ ဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ မော်တော်ယာဉ်တပ်ဆင်ရေးအလုပ်ရုံတွင် တီအီး မော်တော်ယာဉ်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ပုံဖိအလုပ်ရုံတွင် မော်တော်ယာဉ် ကိုယ်ထည်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဘိုးနှင့် နပ် အလုပ်ရုံတွင် စက်မှုလုပ်ငန်းသုံး ဘိုးနှင့် နပ်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဂီယာအလုပ်ရုံတွင် မော်တော်ယာဉ်သုံးဂီယာအမျိုးမျိုး ထုတ်လုပ်နေမှုကို လည်းကောင်း၊ လေးထုတ်လုပ်မှု အလုပ်ရုံတွင် မော်တော်ယာဉ်သုံး လေး အမျိုးမျိုး ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ သတ်မှတ် စံချိန် စံညွှန်းများနှင့် ကိုက်ညီမှုရှိရေး၊ မော်တော်ယာဉ်များကို သုံးစွဲသူများအကြိုက်၊ ဈေးကွက်အကြိုက် စဉ်းစားကြံဆပြီး ထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို စနစ်တကျသုံးစွဲရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံခန်းမ၌ ကြီးကြပ်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ထပ်မံ မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဌာန (IBC) ခန်းမ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော အခွန်အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲကို တက်ရောက်လိုသူသည် ဩဂုတ် ၂၈ ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ လာရောက်စာရင်းသွင်းရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း နည်းပညာ နှီးနှောဖလှယ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ ဩဂုတ် ၃၁ရက်တွင် ကျရောက်မည့် World Blogger's Day အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် ဒုတိယအကြိမ်မြောက် နည်းပညာနှီးနှောဖလှယ်ပွဲကို လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် ပင်မအဆောက်အအုံ Conference Hall ၌ မြန်မာလူငယ်ဘလော့ဂ်များက ဩဂုတ် ၃၁ရက် နံနက် ၉နာရီတွင် စုပေါင်းကျင်းပသွားမည်ဖြစ်သည်။

နှီးနှောဖလှယ်

အခမ်းအနားတွင် Social Network (လူမှုကွန်ရက်)နှင့် Blog (ဘလော့ဂ်)များကို အဓိကခေါင်းစဉ်တပ်၍ အဆိုပါ နည်းပညာများအကြောင်း၊ ထားရှိသင့်သည့် အွန်လိုင်းကျင့်ဝတ်သဘောတရားများ၊ ကွန်ရက်ပေါ်ရှိ စီးပွားရေးအခွင့်အလမ်းများ၊ မီဒီယာကျင့်ဝတ်များနှင့် နှိုင်းယှဉ်ခြင်း၊ နောက်ဆုံးပေါ် Blog ရေစီးကြောင်းများနှင့် နည်းပညာသစ်များ၊ ဘလော့ဂ်များကို အသုံးချ၍ ပရဟိတလုပ်ငန်းများအပေါ်တွင် အကျိုးပြုနိုင်ခဲ့ပုံ၊ အနုပညာဆိုင်ရာ ဘလော့ဂ်များနှင့် ပညာရေးအပေါ် အကျိုးသက်ရောက်ပုံအကြောင်းများကို ဟောပြောနှီးနှောဖလှယ်ကြမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

နည်းပညာနှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

နယူးဇီလန်၌ လေဆင်နှာမောင်းမွှေနှောက် သုံးဦးသေဆုံး၊ ၈၀ ခန့် ဒဏ်ရာရ

ဟာမီတန် ဩဂုတ် ၂၅

နယူးဇီလန်နိုင်ငံ ဖရန့်တန်မြို့ အနီးဝန်းကျင်ဒေသများသို့ ဩဂုတ် ၂၅ ရက်က လေဆင်နှာမောင်းဝင်ရောက်မွှေနှောက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၈၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း နယူးဇီလန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများကပြောကြားသည်။

အဆိုးရွားဆုံး

အဆိုပါ လေဆင်နှာမောင်းသည် တစ်နာရီ မိုင် ၈၀ ကျော်နှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် ဖရန့်တန်မြို့အနီးရှိ ဟာမီတန်မြို့၌ နေအိမ်များ ပျက်စီးခဲ့ကြောင်း**(အောက်ပုံ)**၊သစ်ပင်များ အမြစ်မှကျွတ်ထွက်ခဲ့ပြီး ဓာတ်ကြိုးများ ပြတ်တောက်ခဲ့ကြောင်း၊ နယူးဇီလန်နိုင်ငံ၌ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံးသော သဘာဝဘေးဒုက္ခဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုအနီး၌ တောမီးလောင် နေအိမ် ၅၀ ခန့် မီးဘေးသင့်ခံရ

တိုကျို ဩဂုတ် ၂၅

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး အီဟီမီအရပ်တွင် ဩဂုတ် ၂၅ရက် နံနက်က တောမီးလောင်မှုဖြစ်ပွားရာ သစ်တောအနီးရှိ နေအိမ် အလုံး ၅၀ခန့် မီးလောင်ခံရကြောင်း ဂျပန်မီးသတ်အရာရှိများက ပြောကြားသည်။

မီးငြိမ်းသတ်

မီးလောင်မှုမှာ နံနက် ၁၁နာရီခန့်ကဖြစ်ပြီး သစ်တောဧရိယာ အကျယ်အဝန်း ၇၅ ဟက်တာခန့် မီးလောင်ခံခဲ့ရသည်။ ယခုအခါ မီးသတ်တပ်ဖွဲ့များက လေယာဉ်များအသုံးပြုပြီး မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။(အပေါ်ပုံ)

အိန္ဒိယ၌ မြေပြို၊ နေအိမ်အချို့ပျက်စီး

မွန်ဘိုင်း ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံ ဘာရီဟာဒီရားမြို့အနီး ကျေးရွာတစ်ရွာတွင် ဩဂုတ်၂၅ရက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်များပျက်စီးခဲ့ကြောင်း အိန္ဒိယ အရာရှိများက ပြောကြားသည်။

အဆက်မပြတ်ရွာသွန်း

လွန်ခဲ့သည့် ရက်အနည်းငယ်ကပင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုကဲ့သို့ ရုတ်တရက် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြေပြိုမှုကြောင့် ကျေးရွာသားများ သေဆုံးမှုမရှိသော်လည်း နေအိမ်အချို့ ပျက်စီးသွားကြောင်း ၎င်းတို့ကပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ လျှင်လှုပ် နေအိမ်အချို့ ပျက်စီး

မနီလာ ဩဂုတ် ၂၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူရီဂို မြို့အနီးတွင် ဩဂုတ် ၂၅ရက် နံနက်က ရစ်ချ်တာစကေး ၅ဒသမ ၇ ရှိသော ငလျင်လှုပ်သွားကြောင်း ဖိလစ်ပိုင် အရာရှိများက ပြောကြားသည်။

ပျက်စီး

အဆိုပါ ငလျင်လှုပ်မှုကြောင့် လူဇုန်ကျွန်းအနီး လေတေးကျွန်းတွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း၊ နေအိမ်အချို့ ပျက်စီးသွားကြောင်း၊ ထို့အတူ ဆူရီဂိုမြို့တွင်လည်း အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၈ ရက် (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**တရားရေအေး အမြိုက်ဆေး** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈း၀၀-၂း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး **ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ**
၈း၁၀-၂း၁၀	Sunday Talk
၉း၀၀-၃း၀၀	ကွန်ရက်ပမာ ယှက်သွယ်ဖြာ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	မနေးကာကွယ် သားအိမ်ခေါင်း ကင်ဆာအန္တရာယ်
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	Cartoon Show Time (Cars)
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	ပြည်တွင်းမှာပင်ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်း သားရေအိတ်များ
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	**ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး** (မော်လမြိုင်တိုင်းရင်းဆေးရုံ)
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	Yangon Panorama (၂၀၀၈ခုနှစ် မိုဘိုင်းလ်ဖုန်းနှင့် နည်းပညာပြပွဲ)
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (အရေပြားအထူးကု ဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦး)
၁၂း၃၀-၆း၃၀	ရှင်မြူးသီကြွေးကဗျာတေး **အရုပ်ဈေး**
၁၂း၃၅-၆း၃၅	Music Gallery တေးသံရှင်ရဲ့ တေးလက်ဆောင် ဆုန်သင်းပါရ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စမ်းချောင်းမြို့နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်း အစည်းအဝေးခန်းမ၌ စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်နှင့်ရပ်ကွက်အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်လုပ်ကိုင်ကြရေးမှာကြားပြီး စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၂၃ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ (၁၃)နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော ကရာတေးဒိုအသင်းမှ တံခွန်စိုက်ဒိုင်းဆု အပ်နှံစဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

အခြေခံစည်းရုံးရေးသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟန်းမြို့နယ်ကကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်အသင်းရုံး၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးတင်ဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်း၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးတင်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်နှင့်ထူးချွန်ဆုများကို တာဝန်ရှိသူများကချီးမြှင့်ကြသည်။ (မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မြန်မာ့အလင်း လျှင်မြန်ဖောင်ပီတ်သတင်း

တရုတ်၌ အင်အားပြင်းမြေငလျင်လှုပ်

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံ တိဗက်ဒေသ တောင်ပိုင်းတွင် ဩဂုတ်၂၅ရက် ဒေသစံတော်ချိန် ညဇနာရီ၂၂မိနစ်က ရစ်ချ်တာစကေး ၆ဒသမ၃ ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း တရုတ်နိုင်ငံ ငလျင်ဗျူရိုမှ သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် တိဗက်ဒေသ၏ အရှေ့လောင်ဂျီတွဒ် ၈၃ ဒသမ၆နှင့် မြောက်လတ္တီတွဒ် ၃၂ ဒီဂရီအရပ်၏ မြေအောက် ၁၀ကီလိုမီတာကိုဗဟိုပြုလှုပ်သွားခြင်းဖြစ်ပြီး ထိခိုက်သေဆုံးမှု သတင်းမရရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် ရောဂါများအကြောင်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၅

မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းရှိ အလက(၁)ကျောင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် HIV/AIDS ရောဂါ အန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ဇနာရီက ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ကဦးဆောင်၍ ကျင်းပသည်။

ဟောပြော

အဆိုပါ ဟောပြောပွဲတွင် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ကိုးနဝင်းမဂ္ဂဇင်းနှင့်ဘုရင့်နောင်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးခင်ဇော်(မရမ်းကုန်း)နှင့် အောင်ဂျပန်စကားပြော ဘာသာရပ်သင်တန်းမှ နည်းပြဆရာ ဦးအောင်မိုးကျော်(ခ) တိုကျိုအောင်ကြီး၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ ရန်ကုန်အနောက်ပိုင်းခရိုင်တာဝန်ခံ မြို့နယ်စာပေနှင့်စာနယ်ဇင်းအတွင်းရေးမှူး မြေလတ်ထင်ကျော်မိုးတို့က မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် HIV/AIDS ရောဂါ အန္တရာယ်များအကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောသည်။

ဆုချီးမြှင့်

ထို့နောက် ကျောင်းတွင် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသားများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (လူမှုဝန်ထမ်း)

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ဩဂုတ် ၂၅ရက် မြန်မာစံတော်ချိန် ၁၉နာရီ ၅၆မိနစ် ၂၀စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၁၂၀၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (တရုတ်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပီတ်သတင်း

ဂွာတီမာလာအရှေ့ပိုင်း၌ လေယာဉ်ပျက်ကျ ၁၀ဦးသေဆုံး၊ လေးဦးအပြင်းအထန်ဒဏ်ရာရ

လာပွန်တီ ဩဂုတ် ၂၅

ဂွာတီမာလာနိုင်ငံအရှေ့ပိုင်း အယ်ဒီရာလာမြို့အနီးတွင် ဩဂုတ်၂၅ရက် နံနက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသူ ၁၀ဦး သေဆုံးပြီး လေးဦးဒဏ်ရာ အပြင်းအထန်ရရှိသွားကြောင်း ဂွာတီမာလာ ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ပျက်ကျ

အဆိုပါ လေယာဉ်ငယ်မှာ ဂွာတီမာလာနိုင်ငံအရှေ့ပိုင်း လာပွန်တီမြို့သို့ ပျံသန်းစဉ် အင်ဂျင်စက် ချွတ်ယွင်းပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဂွာတီမာလာနိုင်ငံ လေကြောင်းအရာရှိများက ပြောကြားသည်။

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် သဃ်န်းကျွန်းမြို့နယ်၌ ဖြစ်ပွားသည့် နှစ်လောင်းပြိုင်လူသတ်မှုကျူးလွန်သူ တရားခံများကို ဖမ်းမိပြီ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည့် မစ္စတာဂမ်ဘာရီ၊ သဘာဝဘေးအန္တရာယ်လွတ်ကင်းရာသို့ အမြန်ဆုံးသွားရောက်နိုင်မည့် လမ်းညွှန်မြေပုံ ရေးဆွဲနိုင်တော့မည်၊ မိမိဂီတ သက်တမ်းတွင် ပရိသတ်အများဆုံးနှင့်တွေ့ခဲ့ရပု လေးဖြူပြောကြား၊ ကိုရီးယားမှ ပင်လယ်ရေမှော်များကို မြန်မာ နိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမည်၊ ကဒ့်ကနီမှ ကြက်ခြေနီတစ်ဦးက ကျွန်းတစ်ကျွန်းပေါ်မှ မုန်တိုင်းသင့်သူ၁၀၀ကျော်အား သက်စွန့်ဆံဖျား ကယ်တင်ခဲ့၊ မိုးကုတ်မြို့နယ်တွင် ယခုနှစ်အတွင်း ဒုတိယအကြိမ် မြေပြိုကာ လူခြောက်ဦးသေဆုံး၊ ရန်ကုန်တွင် ပါရမီတက္ကစီစီးရေ ၁၀၀ ထပ်မံပြေးဆွဲ၊ ခန္ဓာကိုယ်အတွက် အာဟာရဓာတ် ၁၅၀ကျော်ပါဝင်သည့် မြန်မာ့ဆေးဖက်ဝင် ရဲယိုရည် ကမ္ဘာ၌ ဈေးကောင်းရရှိ၊ FAME မှ ဆေးများအားလုံးကို ဂျပန်ကုမ္ပဏီတစ်ခုမှ တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် မှာယူမည်၊ မိုး/ဇလမှ မြေငလျင်စခန်းများကို နိုဝင်ဘာလတွင် အပြီးတည်ဆောက်သွားမည်၊ ရုရှားတပ်များအားလုံး ဂျော်ဂျီယာမှ ဆုတ်ခွာပေးပြီ၊ ကမ္ဘာ့အရပ်ရှည်ဆုံးဘွဲ့ကို တရုတ်နိုင်ငံသားကြီး ပြန်လည်ရရှိ၊ စပိန်နိုင်ငံ မက်ဒရစ်လေဆိပ်၌ လေယာဉ်ပျက်ကျ၍ လူ၁၅၀ကျော်သေဆုံး၊ အိုဘားမားနှင့်လက်တွဲမည့် ဒုတိယသမ္မတလောင်း၊ ဘန်နဇာဘူတို၏ခင်ပွန်း ပါကစ္စတန်သမ္မတရွေးကောက်ပွဲဝင်မည်၊ ဗို့အားမြင့်လျှပ်စစ်ဓာတ်အားလိုင်းပေါ်၌ လေယာဉ်တန်းလန်းငြိနေသော်လည်း အသက်မသေ၊ ကမ္ဘာ့အကြီးကျယ်ဆုံးနှင့်အခမ်းနားဆုံး အိုလံပစ်ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပပြီးစီး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၈-၂၀၀၈ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၅၀ ၅။ **ကျော်သွားမှာလား ဖော်စားမှာလား** ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅၁၀။ အဆိုပြိုင်ပွဲ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနယည်
- ၄:၄၅ ၅။ အကပြိုင်ပွဲ
- ၅:၀၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၅:၄၅ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်ဒုတိယအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရှင်ခုန်သံ
- ၆:၅၀ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၄)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၄)

မြန်မာ့အလင်း

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၅

ဩဂုတ် ၂၄ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက အာဖရိက ဆာဟာရတောင်ပိုင်း ချဒ်နိုင်ငံတွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်၍ ဗြိတိန်နိုင်ငံ နယူးဒူရာဟန်အရပ်၌ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အိုင်ဒါဟိုမြို့အနီး ပတ်ဝန်းကျင်ဒေသတွင် အပူလှိုင်းဖြတ်ခြင်း၊ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တောင်ဘက်၌ မြေပြိုမှုဖြစ်ပွားခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ်၂၅ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာနိုင်သည်။

ဩဂုတ် ၂၅ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ခန္တီး	၂ ဒသမ ၃၆ လက်မ
အောင်လံ	၁ ဒသမ ၃၈ လက်မ
ပူတာအို	၁ ဒသမ ၃၀ လက်မ
မြစ်ကြီးနား	၁ ဒသမ ၁၉ လက်မ
ဟသ်ာတ	၁ ဒသမ ၁၄ လက်မ

ဩဂုတ်၂၆ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်းရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ် ၂၆ရက်**(ယနေ့)** နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ အားပျော့

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ် တိုက်ဖျက်

ယနေ့ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ပြဿနာသုံးရပ်မှာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုနှင့် လူကုန်ကူးမှုတို့ဖြစ်သည်။ လူကုန်ကူးမှုသည် ယခုခေတ်၏ အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်၍ နိုင်ငံတကာမှ ပူးပေါင်းတိုက်ဖျက်ကြရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က တိုက်တွန်းထားသည်။ နှစ်စဉ်လူဦးရေ တစ်သန်းမှ နှစ်သန်းအထိ လူကုန်ကူးခံရပြီး တစ်ကမ္ဘာလုံးတွင် လူကုန်ကူးခံရသူပေါင်း သန်း၃၀ခန့်ရှိသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်လျက် ရှိသည်။ ထို့အပြင် ယင်းပြဿနာကို ဘက်စုံ၊ ထောင့်စုံမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်ကာကွယ်ရေး၊ အကာအကွယ်ပေးရေးနှင့် ဥပဒေအရ အရေးယူရေး လုပ်ငန်းများ ပါဝင်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် မိမိနိုင်ငံမှဥပဒေပညာရှင်များ၊ အာဆီယံအဖွဲ့အစည်းမှ ဥပဒေပညာရှင်များနှင့် နိုင်ငံခြားမှ ဥပဒေပညာရှင်များ ပူးပေါင်းပါဝင် ဆွေးနွေးပြီး ရေးဆွဲထားသဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီသည့်အပြင် ခေတ်စနစ်နှင့်လည်း လျော်ကန်သင့်မြတ်သည့် ဥပဒေတစ်ရပ်ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၁၃-၉-၂၀၀၅ရက်တွင် ပြဋ္ဌာန်းခဲ့ရာ အဆိုပါ ဥပဒေတွင် အခန်း(၁)အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အခန်း(၅) လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၆) လူကုန်ကူးခံရသူ

> ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးမှုခံရသူတို့အား အကာအကွယ်ပေးလျက်ရှိ။ ယင်းပြစ်မှု ကျူးလွန်သူတို့အားလည်း ဥပဒေနှင့် လျော်ညီစွာ ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များ ချမှတ်၍ တားဆီးတိုက်ဖျက်လျက်ရှိ။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၇) လူကုန်ကူးခြင်းခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊ အခန်း(၈) ရန်ပုံငွေထူထောင်ခြင်း၊ အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များနှင့် အခန်း(၁၀) အထွေထွေတို့ ပါရှိကြသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၄တွင် ယင်းဥပဒေ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) **မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်၊**

(ခ) **လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်၊**

(ဂ) **လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူနိုင်ရန်နှင့် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊**

(ဃ) **လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်း အချင်းချင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊**

(င) **လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်။**

ဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ကို ပုဒ်မ၇(က)အရ ဖွဲ့စည်းထားသည်။ ယင်းလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၈ နှင့်လျော်ညီစွာ ကြိုတင်တားဆီးရေးနှင့် စပ်လျဉ်း၍ လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့များ ထူထောင်နိုင်ရန် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သည်။

ထို့အပြင် အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပ ကွန်ရက်ထူထောင်ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်သည်သာမက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နှစ်နိုင်ငံ၊ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်တို့ချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့တောက်ခံတင်ပြ ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်မှုတို့ကြောင့် ဝိသမလောဘသမားများ၏ ဖြားယောင်းသွေးဆောင်ခြင်းခံရသူများအား အချိန်မီကယ်တင်ပြီး မိဘအုပ်ထိန်းသူထံသို့ ပို့ဆောင်ပေးခဲ့သည်မှာ မနည်းလှပါချေ။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ ပကတိအခြေအနေသည် အိမ်နီးချင်းနိုင်ငံများသို့ သွားလာရန်လွယ်ကူသော အနေအထားတွင် ရှိသည်။ သတင်းမှန်မသိရှိခြင်း၊ ယုံလွယ်ခြင်း၊ မိသားစုအား ထောက်ပံ့ရန်လိုအပ်ခြင်း၊ မိမိ၏ အလုပ်အကိုင်တွင်စိတ်ဝင်စားမှုနည်းပါးခြင်း၊ စူးစမ်း စမ်းသပ်လိုခြင်း၊ မိသားစုပြဿနာရှိခြင်းနှင့် အကြွေးတင်ခြင်းစသည့် အကြောင်းရင်းများကြောင့် တစ်ဖက်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင် လိုကြသည်။

ဦးသန်းစော (ဥပဒေ)

ဤသည်ကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော ဝိသမလောဘသမားတို့က တစ်ဖက်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းရမည်၊ ဝင်ငွေပိုမိုရရှိမည်ဟု မက်လုံးပေးလိမ်လည်စည်းရုံးကာ လူကုန်ကူးမှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ယင်းလုပ်ငန်းရပ်ကို တားဆီးကာကွယ်ရန် ကော့သောင်းလမ်းကြောင်း၊ မြဝတီလမ်းကြောင်း၊ တာချီလိတ်လမ်းကြောင်း၊ လွယ်ဂျယ်လမ်းကြောင်း၊ မူဆယ်လမ်းကြောင်း၊ တမူးလမ်းကြောင်းနှင့် အခြားလမ်းကြောင်းများတွင် အလေးပေးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးခြင်းခံရသူများမှာ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ခအနည်းငယ်ဖြင့် ပင်ပန်းစွာလုပ်ကိုင်ကြရသည်။ လုပ်အား ခေါင်းပုံဖြတ်ခံကြရသည်။ အထူးသဖြင့် ကလေးသူငယ်များသည် တောင်းရမ်းငွေရှာခိုင်းခြင်း ခံကြရသည်။ ခန္ဓာကိုယ်မှ အစိတ်အပိုင်းများကို ထုတ်ယူအသုံးချခြင်း ခံကြရသည်။ အမျိုးသမီးတို့မှာ Sexual Factory များတွင် အသုံးချခြင်းခံကြရသည်။ ထိုသူတို့မှာ ကိုယ်ခန္ဓာချို့တဲ့သည့်ဘဝသို့ ရောက်ရှိခြင်း၊ HIV/AIDS ရောဂါစွဲကပ်ခြင်းဖြင့် ဘဝအနိဋ္ဌာရုံများ လွှမ်းမိုးပြီး လူမဆန်စွာ ထိခိုက်ပျက်စီးကြရပေသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၇ (ဂ)အရ ဗဟိုအဖွဲ့သည် လူကုန်ကူးခြင်းခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကို ပုဒ်မ၁၀တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များအရ လူကုန်ကူးခြင်းခံရသူများအား မြဝတီနှင့်မူဆယ်တို့ရှိ လက်ခံရေးစခန်းများတွင် ပြန်လည်လက်ခံသည်။ သက်ဆိုင်ရာ မိသားစု၏ အခြေအနေကို စုံစမ်းမှုများပြုလုပ်ပြီး ဇာတိနေရပ်သို့ ပြန်ပို့သည်။ ထို့အပြင် ၄င်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်မှုပြုလုပ်သည်။

၄င်းတို့မှာ ဘဝတွင် အားငယ်နေရသူများဖြစ်သဖြင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အခြားလိုအပ်သော ကူညီထောက်ပံ့ပေးခြင်းအတွက် အစိုးရအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် စသည်တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်း ပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုပြစ်မှုကျူးလွန်သူတို့မှာ ယခုအခါ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းပြီး ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု(Trafficked Victim)ဖြင့် ကျူးလွန်လာကြသည်။ ထိုသို့ ကျူးလွန်သူတို့မှာ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသော ပြစ်မှု၏ အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံတစ်ခုတွင် ပြင်ဆင်ခြင်း၊ စီမံခြင်းပြုလုပ်ပြီး ကျူးလွန်လေ့ရှိကြသည်။ ထို့ကြောင့် လူကုန်ကူးမှုများကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့်ပါ ဆက်သွယ် ဆောင်ရွက်ကြသည်။ ဖမ်းဆီးရမိသည့် ကျူးလွန်သူများကိုလည်း အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်တစ်သက်ချမှတ်ခြင်း အပါအဝင် ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်ချမှတ်၍ ထပ်မံမဖြစ်ပွားစေရန် တိုက်ဖျက် လျက်ရှိသည်။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁၀နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၂၄တွင် ပြဋ္ဌာန်းထားပြီး ၄င်းတို့မှအပ အခြားသူတစ်ဦးဦးအား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ၁၀နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်တို့အား ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်လျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် အနှစ်၂၀မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်ကြောင်း၊ ပုဒ်မ၂၈(က)တွင် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅၊ ၂၆ သို့မဟုတ် ၂၇ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ အုပ်စုဖြင့် ကျူးလွန်လျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁၀နှစ်မှအများဆုံးထောင်ဒဏ် တစ်သက်အထိ ချနိုင်ကြောင်း ပုဒ်မ၂၈(ခ)တွင် ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် ငွေကြေးနှင့်ပစ္စည်း တစ်စုံတစ်ရာကို လက်ခံရယူလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ၃၀တွင် ပြဋ္ဌာန်းထားသည်။ ဖော်ပြပါ ပုဒ်မတို့တွင်ပါရှိသည့် ထောင်ဒဏ်များအပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရသည်။

အဆိုပါ ဥပဒေတွင်ပြဋ္ဌာန်းထားသော ကြီးလေးသော ပြစ်မှုဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကိုဆိုကြောင်း ပုဒ်မ ၃(င)တွင် အဓိပ္ပာယ်ဖော်ပြထားသည်။ လူကုန်ကူးမှုကျူးလွန်ရာတွင် ၄င်းကြီးလေးသော ပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ၂၉တွင် ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးမှုခံရသူတို့အား အကာအကွယ်ပေးလျက်ရှိသည်။ ယင်းပြစ်မှုကျူးလွန်သူတို့အားလည်း ဥပဒေနှင့်လျော်ညီစွာ ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များချမှတ်၍ တားဆီးတိုက်ဖျက်လျက်ရှိသည်။ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်အပြင် ရုရှား၊ ဗီယက်နမ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှုအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တားဆီးနှိမ်နင်း တိုက်ဖျက်ရာတွင် အများပြည်သူတို့ကလည်း ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲ၍ တားဆီးကာကွယ်တိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူပြီး နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိ။ ထို့အပြင် ယင်းပြဿနာကို ဘက်စုံ၊ ထောင့်စုံမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်ကာကွယ်ရေး၊ အကာအကွယ်ပေးရေးနှင့် ဥပဒေအရ အရေးယူရေး လုပ်ငန်းများပါဝင်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် မိမိနိုင်ငံမှ ဥပဒေပညာရှင်များ၊ အာဆီယံအဖွဲ့အစည်းမှ ဥပဒေပညာရှင်များနှင့် နိုင်ငံခြားမှ ဥပဒေပညာရှင်များ ပူးပေါင်းပါဝင်ဆွေးနွေးပြီး ရေးဆွဲထားသဖြင့် အပြည်ပြည် ဆိုင်ရာဥပဒေနှင့်ကိုက်ညီသည့် အပြင် ခေတ်စနစ်နှင့်လည်း လျော်ကန်သင့်မြတ်သည့် ဥပဒေတစ်ရပ်ဖြစ်။

မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ(ဟဲဟိုး)စိုက်ပျိုးရေးခြံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန့်ပန်တက်ကျေးရွာ မိုင်တိုင်အမှတ်(၅၃/၄)သို့ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စေတနာထားလုပ်ကိုင်

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဝက်ဖြူရေစခန်း မိုင်တိုင်အမှတ်(၆၁/၀)ရှိလမ်းတည်ဆောက်ရေးလုပ်ငန်းခွင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယာဉ်များ သွားလာမှုလွယ်ကူစေရန် အနိမ့်အမြင့်များနှင့် လမ်းကွေ့များအား ပြေပြစ်စေရန်အတွက် ပြုပြင်ဆောင်ရွက်ရန်နှင့် ယခုနှစ်မိုးရာသီအတွင်း လမ်းပေါက်ဖာခြင်း၊ရေနုတ်မြောင်းတူးဖော်ခြင်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် စေတနာထားလုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကလောမြို့သို့ရောက်ရှိပြီး ကလောတပ်နယ်ခန်းမ၌ တပ်နယ်အရာရှိစစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်နယ်အတွက် သုတ၊ ရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ကလောတပ်နယ်မှူးထံပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် ကလောမြို့မှ ဆက်လက်ထွက်ခွာလာရာ မိတ္ထီလာ- ကလော-တောင်ကြီး လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၇၅/၂)နှင့်(၇၅/၃)အကြား၌ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့် အမာခံလမ်းပခုံး ကျောက်ချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကလောမြို့နယ် သာမိုင်းခမ်း ဆည်အနီး ကမ္ဘောဇစိုက်ပျိုးရေးအဖွဲ့ (သာမိုင်းခမ်း)စိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး စိုက်ပျိုးမြေ ၇၉ဧကအတွင်း စိုက်ပျိုးထားသော သစ်တောသစ်ပင်များ၊ ဥယျာဉ်ခြံ သီးနှံပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကတုံးများနှင့် ပလပ်မြေများ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ထင်းရှူးပင်များနှင့် ဒေသနှင့် ကိုက်ညီသည့်အရိပ်ရလေကာပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန် ထင်းရှူးတောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရန်နှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရန်၊ ရွှေ့ပြောင်းတောင်ယာများမလုပ်နိုင်ရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိတ္ထီလာ-ကလော-တောင်ကြီး လမ်းပိုင်း မိုင်တိုင်အမှတ်(၉၀/၄)နှင့် (၉၀/၆)အကြား၌ ရေမြောင်းများ တူးဖော် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ(ဟဲဟိုး) စိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး စိုက်ပျိုးရေးခြံအတွင်းရှိ ယာစပါး စမ်းသပ်စိုက်ခင်းအတွင်း ခေါက်ဒင်မျိုးစပါးစိုက်ပျိုးထားရှိမှု၊ ပဲပုပ်စိုက်ခင်းအတွင်း (MJ.9518-2)မျိုး ပဲပုပ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ရေဆင်းစပ်မျိုး(၃) အစေ့ထုတ်ပြောင်း စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ-ကလော-တောင်ကြီး လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၁၀၇/၆) ၌ သစ်တောဦးစီးဌာန၏ ကျွန်းတစ်အုပ်တစ် မစိုက်ခင်းစိုက်ပင်ပေါင်း ၁၄၅၀သို့ရောက်ရှိ ကြပြီး တာဝန်ရှိသူများက ကျွန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က တောမပြုန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်အတွက် ကျွန်းတစ်အုပ်တစ်မစိုက်ခင်းများအပြင် ဒေသရာသီဥတု အနေအထားနှင့် ကိုက်ညီသည့် အရိပ်ရလေကာပင်များကိုလည်း တစ်အုပ်တစ်မစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ (ဟဲဟိုး) စိုက်ပျိုးရေးခြံအတွင်းရှိ ယာစပါး စမ်းသပ်စိုက်ခင်းအတွင်း မျိုးစပါး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးခရိုင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၂၅

ပဲခူးခရိုင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ဦးဆောင်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက်က သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု တောင်သူကြီး ဦးထွန်းအုံ၏လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်၊ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မြင့်သိန်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား၁၅၀ခန့်က စပါးခင်းဧက၄၀၀အတွင်း ငါးခုံးမကြီး ကောင်ရေနှစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၁၇ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဆုရရှိသော မောင်ခိုင်ဝင်းခန့်အား ကျောင်းအုပ်ဆရာကြီးဦးမျိုးဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အင်းစိန်မြို့နယ် အထက(၂) မိဘဆရာအသင်းနှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၂)၌ ၂၀၀၇-၂၀၀၈ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၂၄ရက်က ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးလှချောက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေက ကျောင်းနှင့် ပညာရေးဆိုင်ရာ ဗဟုသုတနှင့် လိုအပ်မှုများကို ကူညီပံ့ပိုးရန် မှာကြားပြီး မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များကလည်း ဘဏ္ဍာရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေး တင်ပြကြသည်။

ဆုချီးမြှင့်

အခမ်းအနားအပြီးတွင် ကျောင်းအုပ်ဆရာကြီး ဦးလှချောက တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မပွင့်ဖြိုးကျော်အား ဆုချီးမြှင့်ကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ်ပညာရေး)

သင်္ဃန်းကျွန်းမြို့နယ် ပြည်သာယာလမ်း လူသတ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ပြည်သာယာလမ်း၌ ဩဂုတ် ၁၉ရက်က ဖြစ်ပွားခဲ့သော ညအချိန်နေအိမ်အတွင်း ဝင်ရောက်ကျူးလွန်ခဲ့သည့် လူသတ်မှုမှ တရားခံများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့က နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဩဂုတ် ၁၉ရက် နံနက် ၈နာရီခန့်က သင်္ဃန်းကျွန်းမြို့နယ် (၁၆/၄)ရပ်ကွက် ပြည်သာယာလမ်း မ/၆၄၃(အေ)နေ ဦးသိန်းထွန်း၊ ဒေါ်သက်သက်ခိုင်တို့၏နေအိမ်၌ ၎င်းတို့၏သားဖြစ်သူ အသက်လေးနှစ်အရွယ်ရှိ မောင်ဇေလွှဲထက်မှာ ငိုယိုနေသည်ကို အိမ်နီးနားချင်းများက တွေ့ရှိသဖြင့် တာဝန်ရှိသူများထံ သတင်းပို့ပြီး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ဦးသိန်းထွန်းနှင့် ဒေါ်သက်သက်ခိုင်တို့မှာ နေအိမ်အပေါ်ထပ် အိပ်ခန်းထဲ၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရ၍ သင်္ဃန်းကျွန်းရဲစခန်း (ပ)၄၁၁/၂၀၀၈ ပုဒ်မ ၃၀၂အရ အရေးယူခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က နေ့/ညမပြတ် စုံစမ်းခဲ့ရာ ဩဂုတ်၂၀ရက်တွင် ပြစ်မှုကျူးလွန်သူများမှာ စိုးပိုင်(ခ)စိုးပိုင်ဦး(ခ) သန့်ဇော်(ခ)အောင်စိုးမိုး(ခ)စိုးမိုးခိုင် (၂၅)နှစ်(ကျပန်း) (ဘ)ဦးဝင်းခင် ခြောက်ခန်းတွဲလိုင်း ဗဟိုဝန်ထမ်းတက္ကသိုလ်ဇီးပင်ကြီး ပြင်ဦးလွင်မြို့နယ် မန္တလေးတိုင်းနေသူနှင့် ဟိန်းသီဟ(ခ) သီဟ(ခ)ဇော်ထက် (၂၆)နှစ်(ကျပန်း) (ဘ) ဦးသိန်းထွန်း မ/၁၉(ဘီ) ယုဇန ၁လမ်း မြို့မတောင်ရပ်ကွက် သန်လျင်မြို့နယ်နေသူတို့ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ စိုးပိုင်(ခ) စိုးပိုင်ဦး(ခ) သန့်ဇော်(ခ) အောင်စိုးမိုး(ခ)စိုးမိုးခိုင်အား ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် သန်လျင်မြို့ ကညင်ပင်ကျေးရွာနေ ထွန်းထွန်းဦး၏နေအိမ်၌ လာရောက်ခိုအောင်းရောက်ရှိနေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံ ဟိန်းသီဟ(ခ) သီဟ (ခ)ဇော်ထက်အား ဩဂုတ် ၂၂ရက် ည ၁၀ နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် မဟာဗောဂလမ်းရှိ (၉၉၉)အရက်ဆိုင်၌ အရက်သောက်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်စဉ် ၎င်းတို့ယူဆောင်သွားသော GSM ဖုန်းကိုလည်း ၎င်းတို့ရောင်းချခဲ့သည့် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းရှိ ဖုန်းအပိုပစ္စည်းရောင်းသည့်ဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ဟိန်းသီဟ(ခ) သီဟ(ခ) ဇော်ထက်နှင့် စိုးပိုင်(ခ)စိုးပိုင်ဦး(ခ) သန့်ဇော်(ခ)အောင်စိုးမိုး(ခ)စိုးမိုးခိုင်တို့မှာ ယခင်ကခိုးမှုများ ကျူးလွန်ခဲ့၍ ထောင်ဒဏ်ကျခံရဖူးသူများဖြစ်ပြီး ရဲဘက်စခန်းများမှ ထွက်ပြေးလာသော ရဲဘက်ပြေးများဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘောလုံးကြံ့ခိုင်မှု နည်းပြသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၊ အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)တို့ ပူးပေါင်းဖွင့်လှစ်သော Football Fitness Coaching Course သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက သုဝဏ္ဏရှိ Goal ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ သင်တန်း နည်းပြဆရာနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နှုတ်ဆက်

အခမ်းအနားတွင် ရှေးဦးစွာ သင်တန်းသားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သင်တန်းနည်းပြဆရာတို့က သင်တန်းသားများအား နှုတ်ဆက်ကြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ Mr. Aleksandar Bozenko (စင်ကာပူ) က အမှာစကားပြောကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြ၊ သင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

ဖွင့်လှစ်

ယခုသင်တန်းကို အာဆီယံနိုင်ငံ ခုနစ်နိုင်ငံမှ သင်တန်းသား ၁၇ ဦး တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာမှ ဦးဆန်းဝင်း၊ ဦးကျော်လွင်၊ ဦးစိုးမိုး၊ ဦးဝင်းမြင့်သွင်၊ ဦးလင်းရောင်၊ ဦးအုန်းကြိုင်၊ ဦးညီညီလတ်နှင့် ဦးကြည်နိုင်၊ စင်ကာပူမှ Robin Pradhan Chitrakar နှင့် K.Balagumaran ၊ ကမ္ဘောဒီးယားမှ Park Vuthy နှင့် Meas Samoeurin၊ ဖိလစ်ပိုင်မှ Lloyd James Mazo Lim နှင့် Norman Jr.Salo Fegidero၊ တီမောမှ Jaime Concalves ၊ မလေးရှားမှ Hassan Sazall bin Mohd Wara နှင့် ဘရူနိုင်းမှ Pg Ser Fuddin bin Pg Md Salle တို့ ပါဝင်ကြသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၂၅ ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။

(မြန်မာ့အလင်း)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ကက)အုပ်စု ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဘောလုံးကစားကွင်းနှင့် ပေါင်းလောင်းဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလုပ်သမားဝန်ကြီးဌာန အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရ

အလားတူ ပေါင်းလောင်းဘောလုံးကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၂၆ ရက်တွင် နေပြည်တော် ဘောလုံးကစားကွင်း၌ ပြန်ကြားရေးဝန်ကြီး ဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ပေါင်းလောင်း ဘောလုံးကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနအသင်းတို့သည် လည်းကောင်း (ခခ)အုပ်စုပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀)တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံရန် ငြင်းပယ်ခဲ့၊ SMS စနစ်ဖြင့် ကမ္ဘာတစ်ဝန်းလုံး ဆက်သွယ်နိုင်ပြီ၊ FEC ဖြင့် စက်သုံးဆီများကို ဝယ်ယူခွင့်ပြုလိုက်ပြီ၊ ဘောက်ထော် ပြည်သာယာ နှစ်လောင်းပြိုင်လူသတ်မှုနှစ်ရက်အတွင်း တရားခံများမိပြီ၊ ရိုးမဘဏ်၏ လုပ်ငန်းများ ပြန်လည်စတင်တော့မည်ဟု သတင်းရရှိ၊ မြန်မာ့ရော်ဘာ တန် ၁၀၀၀၀ မြောက်ကိုရီးယားသို့ တင်ပို့တော့မည်၊ တရုတ်-မြန်မာနယ်စပ်၌ ငလျင်လှုပ်ခတ်မှုကြောင့် သုံးဦးသေဆုံးကာ ၁၀၆ဦး ဒဏ်ရာရရှိ၊ စစ်တကောင်းသွား ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်၊ အိန္ဒိယမှပဲတန်ချိန် ၃၀၀၀ကျော်တင်သွင်း၊ ကမ္ဘာ့ပဲဈေးနှုန်းမြင့်တက်လျက်ရှိ၊ 'အမိုက်ထဲကရွှေ' ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဦးကျော်ဟိန်းဆွေးနွေးခဲ့၊ ဂျပန်နိုင်ငံက ကြီးမှူးကျင်းပမည့် ITPE စာမေးပွဲမည်သူမဆိုဖြေဆိုနိုင်၊ ရန်ကုန်တိုင်း ဒီဇယ်ဆီဖြန့်ဖြူးရေးကုမ္ပဏီမှ တစ်ပီပါ ကျပ် ၂၅၂၀၀၀ ဖြင့် ရောင်းချပေးမည်၊ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ် စာတမ်းများ ပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် စနစ်တချို့ ပြောင်းလဲဖွယ်ရှိ၊ မင်းသိခ်အုတ်ဂူ အမိုးအကာများဖြင့် ဆောက်လုပ်ပြီးစီး၊ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်အေး၏ သွေးတိုးရောဂါ ဘာဖြစ်လို့ ကုရခက်သလဲ၊ ပါမောက္ခ ဒေါက်တာဦးမြင့်မောင်မောင်၏ အသိရခက်သော ကာလသားရောဂါတစ်မျိုး၊ စင်ကာပူတွင် ဟစ်တိုင်နေရာသတ်မှတ်ပေးတော့မည်၊ အီရန်ကိုတိုက်ခိုက်ရန် ဂျော်ဂျီယာ လေတပ်စခန်းအချို့ကို အစ္စရေးစီစဉ်ခဲ့၊ နိုင်ငံလုံခြုံရေးခြိမ်းခြောက်မှု မှန်သမျှအား အပြင်းထန်ဆုံးတုံ့ပြန်မည်ဟု အီရန်ကြုံးဝါး၊ အီရန်၏ လျှို့ဝှက်သောစစ်ရေး လှုပ်ရှားမှုများစသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် တင်ပြထားသည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေး တမူးမြို့နယ်၌ ဆောင်ရွက်

တမူး ဩဂုတ် ၂၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများနှင့် လမ်းဖြတ်ကူးပြွန်များအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ပိတ်ဆို့မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ရက် နံနက်က မဟူရာလမ်းနှင့် ဗိုလ်ချုပ်လမ်းဘေးတစ်လျှောက်တွင် ဒုတိယဦးစီးမှူး ဦးဟန်မင်းဆွေ ဦးဆောင်၍ အဖွဲ့ရုံးဝန်ထမ်းများ ဆောင်ရွက်ရှင်းလင်းနေရာသို့ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်တို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာကရာတေးဒိုအားကစားအဖွဲ့ဝင်များ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၃၁ ရက်အထိ မလေးရှားနိုင်ငံ Sabah, Kota Kinabalo မြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် အာရှကရာတေးဒိုအဖွဲ့ချုပ်၏ သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အဖွဲ့ဝင်နိုင်ငံများ၏ မျက်နှာစုံညီအစည်းအဝေး (9th AKF Junior and Cadet Championship and Congress 2008) တို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော် (Group of Lizstar Companies) ခေါင်းဆောင်သော မြန်မာကရာတေးဒို အားကစားအဖွဲ့ဝင်များသည် ယမန်နေ့က လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာကရာတေးဒို အားကစားအဖွဲ့ဝင်များအား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိုးဝင်း၊ အမှုဆောင်ဦးသိန်းဌေးအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အားကစားအဖွဲ့

မြန်မာကရာတေးဒိုအားကစားအဖွဲ့တွင် ဒုတိယခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင် ဦးအိုက်ယီ (မန်နေဂျင်း ဒါရိုက်တာ Yadanar Theingi Co., Ltd.)၊ အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)၊ ပြိုင်ပွဲတွင် ဒိုင်တာဝန်ထမ်းဆောင်ရန်နှင့် နိုင်ငံတကာ အသိအမှတ်ပြု ဒိုင်လူကြီးအဆင့်တိုးမြှင့် စာမေးပွဲဖြေဆိုရန်အတွက် ဒိုင်များအဖြစ် ဦးမြင့်အောင်၊ ဦးဇော်မြင့်၊ ဦးထွန်းဇော်နှင့် ဦးအောင်ထင်ကျော်၊ နည်းပြအဖြစ် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနနည်းပြအရာရှိ ဦးထိန်ဝင်းမြင့်နှင့် လူငယ်လက်ရွေးစင်အဖြစ် ကျော်ကျော်ထွန်း (သစ်တောရေးရာ) တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၀၈ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာလက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ပါဝင်

မြန်မာလက်ရွေးစင် ဖူဆယ်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးကြည်မင်းသိန်း၊ နည်းပြများအဖြစ် ဦးသက်နိုင်နှင့် ဦးဌေးမြင့်၊ အားကစားသမားများအဖြစ် ကျော်ဒွန်း (ပို့ဆောင်ရေး)၊ အောင်ကျော်ဦး(ကမ္ဘောဇ)၊ ညွန့်ဝင်း(မြို့တော်စည်ပင်)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ အောင်မိုး(ကမ္ဘောဇ)၊ အောင်ဝင်းနိုင်-ဂိုး(မြို့တော်စည်ပင်)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ ဖြိုးမင်းမောင်-ဂိုး(ပို့ဆောင်ရေး)၊ မောင်မောင်မြင့် (ပို့ဆောင်ရေး)၊ နိုင်ဝင်း(တပ်မတော်-ရေ)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)နှင့် ကျော်ဇင်ညွန့်(ဆောက်လုပ်ရေး)တို့ ပါဝင်ကြသည်။

အုပ်စုနှစ်ခု

ပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာ၊ အုပ်စု(ခ)တွင် မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့ပါဝင်ကြသည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ ရက်တွင် အင်ဒိုနီးရှား၊ ၂၈ ရက်တွင် ထိုင်း၊ ၂၉ ရက်တွင် ဖိလစ်ပိုင်တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

■ *ရှေ့ဖုံးမှ*

ငင်းနှစ်ဦး၏အမူအရာမှာ အားကစားပြိုင်ပွဲများနှင့် အားကစားသမားများ၌ မည်သည့်အရောင်အသွေးမျှမရှိကြောင်း ပြသခဲ့သဖြင့် ပြိုင်ပွဲကြီးကြပ်သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ပရိသတ်များက သောင်းသောင်းဖြဖြလက်ခုပ်တီးကာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုခဲ့ကြသည်။

အာဖဂန်နစ္စတန်တိုက်ကွမ်ဒို

အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားနေသော အာဖဂန်နစ္စတန်နိုင်ငံမှ ၅၈ ကီလိုတန်း အမျိုးသမီးတိုက်ကွမ်ဒိုအားကစားမယ် ရိုဟူလာနစ်ပိုင်က ပေကျင်းအိုလံပစ်ပွဲတော်၌ ကြေးတံဆိပ်ဆွတ်ခူးခဲ့ရာ အာဖဂန်နစ္စတန်အတွက် နှစ်ပေါင်း ၃၀အတွင်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် ကြေးတံဆိပ်ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရိုဟူလာနစ်ပိုင်ကို အာဖဂန်နစ္စတန်နိုင်ငံက သူရဲကောင်းတစ်ဦးသဖွယ် ကြိုဆိုဂုဏ်ပြုခဲ့သည်။

နှစ်၃၀အတွင်း ပထမဆုံးဆု

အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ပြည့်နှက်နေသော အာဖဂန်နစ္စတန်အတွက်နှစ်ပေါင်း ၃၀အတွင်း ပထမဆုံး ကြေးဆုတံဆိပ်ရယူပေးခဲ့သည့် တိုက်ကွမ်ဒိုအားကစားမယ် ရိုဟူလာနစ်ပိုင်။

ရွှေတံဆိပ်ရှစ်ခု



ပေကျင်းအိုလံပစ်၌ တစ်ဦးတည်း ရွှေတံဆိပ်ရှစ်ခု ရရှိခဲ့သည့် အမေရိကန်ရေကူး အားကစားသမား မိုက်ကယ်ဖေ့စ်။

ခြေတစ်ဖက်ပြတ်ရေကူးမယ်

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့သော အားကစားသမားများအနက် တောင်အာဖရိကနိုင်ငံမှ အားကစားမောင်မယ်များတွင် ခြေတစ်ဖက်ဖြတ်ထားသော ရေကူးမယ်နာတာလီဒူတွိုက်လည်း ပါဝင်ခဲ့သည်။ သူမသည် ၂၀၀၁ခုနှစ်က မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် သူမ၏ ဝဲဘက်ခြေထောက် ဖြတ်တောက်ပစ်ခဲ့ရသည်။ သို့သော် ၂၀၀၄ အေသင်အိုလံပစ်ပြိုင်ပွဲတွင် အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်ငါးခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ယခုနှစ်၌မူ ထူးထူးခြားခြား အမျိုးသမီး ၁၀ ကီလိုမီတာ ရေကူးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်မရရှိခဲ့သော်လည်း အိုလံပစ်သမိုင်း၌ ရေကူးပြိုင်ပွဲတွင် ခြေတစ်ဖက်မရှိသည့် ပထမဆုံး ပြိုင်ပွဲဝင်ရေကူးမယ်ဖြစ်လာခဲ့သည်။

မိုက်ကယ်ဖေ့စ်

အမေရိကန်ရေကူးကစားသမား မိုက်ကယ်ဖေ့စ်သည် ပေကျင်းအိုလံပစ်၌ တစ်ဦးတည်းရွှေတံဆိပ်ရှစ်ခုဆွတ်ခူးနိုင်ခဲ့သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ မိုက်ကယ်ဖေ့စ်သည် ပေကျင်းအိုလံပစ်ပွဲတော်၌ ရရှိခဲ့သောရွှေတံဆိပ်များမှာ မီတာ ၁၀၀ ရေကူးပြိုင်ပွဲ၊ မီတာ ၂၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ၊ မီတာ ၄၀၀ ရေကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လေးယောက်လက်ဆင့်ကမ်း ရေကူးပြိုင်ပွဲ၊ မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းရေကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ နှစ်ယောက်တွဲလက်ဆင့်ကမ်းရေကူးပြိုင်ပွဲ၊ မီတာ ၁၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲများ၌ ရွှေတံဆိပ်များရရှိခဲ့သူဖြစ်သည်။ အိုလံပစ်ပွဲတော် တစ်ခုတည်း၌ ရွှေတံဆိပ်အများဆုံးရယူနိုင်ခဲ့သူအဖြစ် မှတ်တမ်းတင်နိုင်သည့်အပြင် မီတာ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းရေကူးပြိုင်ပွဲ၌ ၄ဖဒသမ၀ဖစက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

ခြေတစ်ဖက်ပြတ် ရေကူးမယ်

အိုလံပစ်သမိုင်း၌ ပထမဆုံး ခြေတစ်ဖက်ပြတ်ရေကူးမယ်အဖြစ် ပါဝင်ယှဉ် ပြိုင် ခဲ့ သည့် တောင်အာဖရိကမှ နာတာလီဒူတွိုက်ကို တွေ့ရစဉ်။

ဆင်ဟွာသတင်းများကို အခြေခံ၍
မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်

စာမျက်နှာ ဖွဲ့စည်းမှု
ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖက်ဒဲယားက နာဒယ်အား ဖိအားပေးမည်

လန်ဒန် ဩဂုတ် ၂၅

ကမ္ဘာ့ထိပ်တန်းတင်းနစ် အကျော်အမော်ဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) တင်းနစ်သမားဟောင်းလည်းဖြစ်ခဲ့ဖူးသူ ရော်ဂျာဖက်ဒဲယား**(အောက်ဝဲစွန်ပုံ)**က အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၄င်းအနေဖြင့် ယခုလောလောဆယ် ကမ္ဘာ့အဆင့်(၁)တင်းနစ်သမားအဖြစ် ပူပူနွေးနွေးရပ်တည်နေသူ ရာဖေးလ်နာဒယ်နှင့် ဆုံတွေ့မည်ဖြစ်သဖြင့် ၄င်းပွဲစဉ်တွင် နာဒယ်အား ဖိအားပေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၃ရက်က အခိုင်အမာပြောကြားခဲ့သည်။

ရပ်တည်

ရော်ဂျာဖက်ဒဲယားသည် ကမ္ဘာ့အဆင့်(၁) တင်းနစ်သမားအဖြစ် သီတင်းပတ်ပေါင်း ၂၃၇ပတ်စံချိန်တင် ရပ်တည်နိုင်ခဲ့သည်။ ဝင်ဘယ်ဒန်ချန်ပီယံဖြစ်ပြီး ပြီးခဲ့သောသီတင်းပတ်က အိုလံပစ် တင်းနစ်ချန်ပီယံဆုကိုလည်း ထပ်မံရရှိခဲ့သူ နာဒယ်သည် ဖက်ဒဲယား၏စံချိန်ကိုချိုးကာ ဩဂုတ် ၁၈ရက်က ကမ္ဘာ့အဆင့်(၁)နေရာသို့ ဝင်ရောက်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။



ဆန်းဒါးလန်းမှ အက်တန်ဖာဒီနန်အား ကမ်းလှမ်းမှု ဝက်စ်ဟမ်းလက်ခံလိုက်ပြီ

လန်ဒန် ဩဂုတ် ၂၅

ဆန်းဒါးလန်းအသင်းကအက်တန်ဖာဒီနန်**(အပေါ်ပုံ)**အား ကမ်းလှမ်းခြင်းကို ဝက်စ်ဟမ်းအသင်းက လက်ခံလိုက်ပြီဖြစ်ကြောင်း နည်းပြအလန်ကာဘစ်ရှ်လေက ပြောကြားခဲ့သည်။

အသက် ၂၃နှစ်ရှိ ဝက်စ်ဟမ်းခံစစ်မှူး ဖာဒီနန်သည် ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် ဆန်းဒါးလန်း၏ ကမ်းလှမ်းမှုအပေါ် အချိန်ယူစဉ်းစားလျက်ရှိသည်။

ပြောကြား

ဝက်စ်ဟမ်းဘုတ်အဖွဲ့အနေဖြင့် ဆန်းဒါးလန်း၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း၊ ဖာဒီနန်သည် သူ၏စာချုပ်ကို ထပ်မံတိုးချဲ့ချုပ်ဆိုရန် ပြန်လည်စေ့စပ်ဆွေးနွေးမှု မပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ထုတ်ရောင်းရန်ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ကာဘစ်ရှ်လေက ပြောကြားခဲ့သည်။

မန်ယူအသင်းမှဘောလုံးကြယ်ပွင့် ရီယိုဖာဒီနန်၏ညီဖြစ်သူ အက်တန်ဖာဒီနန်သည် ၂၀၀၅ခုနှစ် ဇူလိုင်လက ဝက်စ်ဟမ်းနှင့် သုံးနှစ်စာချုပ် တိုးချဲ့ချုပ်ဆိုခဲ့ပြီး သူ၏လက်ရှိ စာချုပ်သက်တမ်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

စပါးတိုက်စစ်မှူး ဘာဘာတော့ဗ် မန်ယူသို့ ရောက်ရှိရေး နီးစပ်လာပြီ

လန်ဒန် ဩဂုတ် ၂၅

ပြီးခဲ့သည့် ဩဂုတ်၂၃ရက်က စပါးအသင်းသည် ဆန်းဒါးလန်းအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနှင့်အံဝင်ခွင်ကျမဖြစ်သော၊ နေသားတကျမဖြစ်သည့်အခြေအနေသို့ရောက်နေသည့် ဘူလ်ဂေးရီးယားနှင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်အား စပါးအသင်းနှင့် နည်းပြ ဂျူအန်ဒီရာမို့စ်တို့က အသင်းမှ ထွက်ခွာခွင့်ပေးရန် ဆုံးဖြတ်ချက်ချလိုက်ပြီဟု အခိုင်အမာထုတ်ဖော်ပြောကြားခဲ့သည်။

ဆုံးဖြတ်

ဘာဘာတော့ဗ်သည် မန်ယူအသင်းနှင့် စာချုပ်ချုပ်ဆိုကာ အိုးထရက်ဖို့ဒ်၌ ကစားလိုသည့် အိပ်မက်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ မန်ယူအသင်းက ၄င်းအား ပထမအကြိမ်က ပေါင်သန်း ၂၀ဖြင့် ကမ်းလှမ်းမှုကို စပါးကငြင်းဆန်ခဲ့သော်လည်း ယခုအခါ ပြောင်းရွှေ့ကြေး ပေါင်၂၅သန်းဖြင့် အပြီးသတ် စာချုပ်ဖွယ်ရှိသည်။

စပါးအသင်းသည် ဆန်းဒါးလန်းနှင့် ပွဲမတိုင်မီက ဘာဘာတော့ဗ်၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၃၀ တောင်းဆိုခဲ့သော်လည်း ယင်းပွဲအပြီးတွင် စပါးတွင် မကစားလိုတော့ဘဲ မန်ယူသို့ ထွက်ခွာရန် ဆန္ဒပြင်းပြနေသော ဘာဘာတော့ဗ်၏ ပြောင်းရွှေ့ကြေးကို ယခုအခါ ပေါင်၂၅သန်းဝန်းကျင်သာ ဆိုခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ပရီမီယာလိဂ်မှ အဲဗာတန်အသင်း ဒိန်းမတ်ခံစစ်မှူးဂျာကော့ဘ်ဆင်အားခေါ်ယူ

လန်ဒန် ဩဂုတ် ၂၅

အဲဗာတန်အသင်းသည် ဒိန်းမတ်လက်ရွေးစင်ခံစစ်မှူး လာခရစ္စတီယန်ဂျာကော့ဘ်ဆင်အား ခေါ်ယူစာချုပ်ရန် သဘောတူညီခဲ့ပြီဖြစ်ပြီး ယခုနွေရာသီတွင် ပထမဦးဆုံး အပြီးသတ် စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်လာပြီဖြစ်သည်။

အသက် ၂၈နှစ်ရှိ ဂျာကော့ဘ်ဆင်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူပြီး တစ်နှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ပြီးဖြစ်သည်။

အထောက်အပံ့

ဂျာကော့ဘ်ဆင်သည် လွန်ခဲ့သော ဘောလုံးရာသီက ဂျာမန်အသင်းဖြစ်သည့် အက်ဖ်စီနူရင်ဘတ်တွင် ကစားခဲ့သူဖြစ်သည်။ ဂျာကော့ဘ်ဆင် အဲဗာတန်အသင်းသို့ရောက်ရှိလာခြင်းသည် ယခုနှစ်ပရီမီယာလိဂ် ဘောလုံးရာသီအစတွင် ဒဏ်ရာရ ကစားသမားအများအပြားရှိနေသဖြင့် စိတ်သောကများနှင့် ရင်ဆိုင်နေရသူ နည်းပြဒေးဗစ်မိုရက်စ်အား အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ **(အင်တာနက်)**

အိုင်ယာလန်ဂေါက်သီးကစားသမား ကလာကီ ရိုက်ဒါဆုဖလားဆွတ်ခူးရရှိ

လန်ဒန် ဩဂုတ် ၂၅

အိုင်ယာလန်နိုင်ငံ မြောက်ပိုင်းသား ဂေါက်သီးရိုက်ကစားသမား ဒါရင်ကလာကီသည် ဩဂုတ် ၂၄ရက်က ကေအယ်လ်အမ် အိုးပင်းဂေါက်ရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက် လျှော့ရိုက်ကာ ပြိုင်ဘက်ထက် လေးချက်လျှော့ရိုက်ပြီး ရိုက်ဒါဆုဖလားကြီးကို ဆွတ်ခူးသွားပြီဖြစ်သည်။

ဆွတ်ခူး

ကလာကီသည် နယ်သာလန်တွင် ၄င်း၏ ထိပ်တန်းအဆင့်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုရာသီတွင် ၄င်း၏ဒုတိယမြောက် ဥရောပတိုးဂေါက်သီးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက် ၄၀ရှိ ကလာကီသည် လာမည့်ဩဂုတ် ၃၁ရက်ပြိုင်ပွဲအတွက် ဥရောပဂေါက်သီး အားကစားအဖွဲ့ခေါင်းဆောင် နစ်ခ်ဖယ်လ်ဒို ရွေးချယ်ထားသော ဂေါက်သီးသမားနှစ်ဦးတွင် စွမ်းရည်အထက်မြက်ဆုံးသော ပြိုင်ဘက်တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

လင်းခေးမြို့ ဈေးတန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် အလှူရှင်များက သုတ၊ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

လင်းခေး ဩဂုတ် ၂၂

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ လင်းခေးမြို့ ဈေးတန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်သည့် အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၇နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ လင်းခေးမြို့ ဈေးတန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းသန်းကျော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်း

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးက စာအုပ်မျိုးစုံအုပ် ၅၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက သုတ၊ ရသစာအုပ် ၅၀၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းမှု စာအုပ်မျိုးစုံအုပ် ၁၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က စာအုပ်မျိုးစုံအုပ် ၅၀စီတို့ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းသန်းကျော်က လက်ခံရယူသည်။

ဖွင့်လှစ်

အလားတူ လင်းခေးမြို့ ပင်ဟုန်း၊ ပင်ဝေါင်နှင့် ကံသာရပ်ကွက်တို့တွင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ဗဟိုဈေးသမဝါယမအသင်း လီမိတက်၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဗဟိုဈေးကြီးခန်းမဆောင်တွင် ဩဂုတ် ၈ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကား ပြောကြားစဉ်။ (သမဝါယမအသင်း)

အမ်းမြို့နယ်စည်ပင် အများသုံးရေဝေကန် ရေပေးရေးဆောင်ရွက်

အမ်း ဩဂုတ် ၁၉

အမ်းမြို့နယ် အများသုံးရေဝေကန်မှ ရေပေးဝေမှုကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ဇူလိုင် ၂၉ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီဆွေတို့က ရေပေးဝေရေးဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အဝီစိတွင်းတူးဖော်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ခုပ်ကွင်းကျေးရွာတွင် တစ်လက်မခွဲ အဝီစိတွင်းတိမ်တူးဖော်ပြီးစီးမှုကို ဩဂုတ် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း ပစ္ဆိမာရုံစာသင်တိုက်၌ တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့ သင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၂

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ စီစဉ်မှုဖြင့် တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၇ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံ စာသင်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရက ဩဝါဒကထာ မိန့်ကြားပြီး သင်တန်းမှူး ဒီအောင်ပိုင်က သင်တန်းစည်းကမ်းများကို ရှင်းလင်း ပြောကြားကာ ဘေသဇ္ဇဒါန အခမဲ့ ဆေးခန်းအဖွဲ့ဝင် ဒေါက်တာဝင်းမော်က ကျေးဇူးတင်စကား ပြောကြားပြီး စာချဆရာတော်များက အောင်ဂါထာရွတ်ဖတ်၍ တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့ သင်တန်းကို ဖွင့်လှစ်ပေးလိုက်သည်။

သင်ကြား

အဆိုပါ တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၅၀ တက်ရောက် ပညာသင်ကြားကြသည်။ (၁၄၂)

ကျိုင်းလပ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်း မဲခေါင်လမ်းမကြီးဘေး ဝဲယာတစ်လျှောက် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များချုံ့ထွင် စိုက်ပျိုးခြင်းတို့ကို ဇွန် ၂၆ရက်က စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မြို့တာဝန်ခံ ဦးအောင်ရွှေနှင့် ဌာနဆိုင်ရာများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း

သထုံ ဩဂုတ် ၁၆

မွန်ပြည်နယ် သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရက ကြီးမှူး၍ သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းပွဲကို ဩဂုတ်၁ရက် နံနက်၉နာရီက ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် ခေမာရတနာဗိမာန်၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ နာယကဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်ပြီး သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးခွန်ငြိမ်းမောင်က ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာပေါင်း ၃၉ ရွာရှိ ကျောင်းသား ကျောင်းသူ ၃၂၀၀ အတွက် စာအုပ်ဒါဇင်ပေါင်း ၂၀၉၃အုပ်နှင့် ထီလုံဒေသ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေ ကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် လှူဒါန်းရရှိငွေ စုစုပေါင်းငွေကျပ် ၇၄ သိန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုလဲမြို့နယ် ကျေးလက် ငှက်ပျောတောတံတား တည်ဆောက်

ပုလဲ ဩဂုတ် ၂၁

၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သုံးသိန်း၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ခြောက်သိန်း စုစုပေါင်းငွေကျပ် ကိုးသိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မင်းတိုင်ပင်-ငှက်ပျောတော ကျေးလက်လမ်းပေါ်ရှိ ငှက်ပျောတောတံတား တည်ဆောက်ရေးလုပ်ငန်းသို့ ဩဂုတ် ၁၁ ရက်က ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းနှင့် မင်းတိုင်ပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေးလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးကြောင်းနှင့် ဩဂုတ်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးရေးအတွက် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၁၇ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်မြို့ရေလျှံခြင်းမှကာကွယ်ရန် ရေမြောင်းများကို အဖွဲ့ပိုင် မြေကော်စက်ဖြင့် တူးဖော်နေမှုအား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရာဇာလင်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကောလင်း ဩဂုတ် ၂၀

ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများအား စာကြည့်တိုက် ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲကို ဇူလိုင် ၃၀ရက်က မြို့နယ်အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးစိန်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (ဝ၃၂)

ဖျာပုံမြို့ သန့်ရှင်းသာယာလှပရေး စီမံချက်အရ မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းကို ဩဂုတ်၉ရက်က ဒုတိယဦးစီးမှူးဦးစိုးဦးနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၇)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

မိတ္ထီလာ ဝိနယာဒိနဂ္ဂဟအသင်း စာအောင်လက်မှတ် ဆက်ကပ်

မိတ္ထီလာ ဩဂုတ် ၁၆

မိတ္ထီလာမြို့ ဩဝါဒါဆရာတော်များကြီးမှူးသော ဝိနယာဒိနဂ္ဂဟအသင်းကြီး၏ (၂၈)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲ အောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက်က မိတ္ထီလာမြို့လယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက ဝိနယာဒိနဂ္ဂဟစာမေးပွဲ တာဝန်ခံချုပ် ရွှေဘုံသာကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယထံမှ ဩ‌‌‌ဝါဒ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကိုကိုနိုင်နှင့် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမျိုးရှိန်တို့က ဩဝါဒါဆရာတော်ကြီးများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းပထမဆုရ သံဃာတော်များအား ဝိနယာဒိနဂ္ဂဟအသင်း ဥက္ကဋ္ဌဦးကျော်အေးက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းပြီး စာအောင် သံဃာတော်များအား အသင်းဝင်များနှင့် အလှူရှင်များက အောင်လက်မှတ်နှင့်အတူ သင်္ကန်း၊ ထီး၊ ဖိနပ်နှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ (ဝ၈၆)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေး အတွက် အနည်စစ်လုပ်ငန်းကို ဇူလိုင် ၃၁ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မန်စီမြို့၌ ကောက်စိုက်ပြိုင်

မန်စီ ဩဂုတ် ၁၈

မန်စီမြို့နယ် မန်သာကျေးရွာ ရွာဘုံလယ်၌ မိုးရာသီကောက်စိုက်ပြိုင်ပွဲကို ဇူလိုင် ၂၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကားပြောကြားပြီး ကောက်စိုက် ပြိုင်ပွဲကို စတင်ကျင်းပသည်။ ထို့နောက် ကောက်စိုက်ပြိုင်ပွဲတွင် ပထမဆုရ ကုန်းတိန်အသင်း၊ ဒုတိယဆုရ မန်သာအုပ်စုအသင်း၊ တတိယဆုရ မြို့မအသင်းနှင့် နှစ်သိမ့်ဆုရ အသင်းတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အိတ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေး ပညာပေးသင်တန်းတောင်ငူ၌ဖွင့်

တောင်ငူ ဩဂုတ် ၂၀

ကျန်းမာရေးဦးစီးဌာန(DOH)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPD)တို့၏ အထောက်အပံ့ဖြင့် ပဲခူးတိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် တောင်ငူ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၁၃ရက် နံနက် ပိုင်းက တောင်ငူမြို့ ကေတုရတနာခန်းမ၌ HIV ပိုး ကူးစက်မှုကာကွယ်ရေးပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဗဟိုမှ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းလင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုး၊ ပဲခူးတိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာသန့်ဇင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA Project Office)မှ သင်တန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်မောင်လွင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်း ခရိုင်၊ မြို့နယ်များရှိ ကျန်းမာရေးဌာနများ၊ (MANA)အသင်း၊ခရိုင်ရဲတပ်ဖွဲ့တို့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအသင်းမှအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။ (ဝ၅၂)

မြို့နယ် သတင်းများ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ဩဂုတ် ၆ရက်က ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနအဖွဲ့၏ ပံ့ပိုးမှုအစီအစဉ်ဖြင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးအတွက် ဆက်သွယ်ပညာပေးရေး စီမံချက်လုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲတွင် ခရိုင်ဆရာဝန် ဒေါက်တာဒေါ်ရီရီထွေး အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အေးရိပ်ငြိမ် ရပ်ကွက် မြရည်ပုလဲလမ်းဘေးတွင် စက်ယန္တရားဖြင့် ရေနုတ်မြောင်းတူးဖော်မှုကို ဇူလိုင် ၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လွယ်ဂျယ်မြို့ သာယာလှပရေး လူသွားစင်္ကြံနှင့် ဆိုင်းဘုတ်များဆေးသုတ်

ရန်ကုန် ဩဂုတ် ၂၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့စည်ပင်သာယာရေးအဖွဲ့ ဩဂုတ် ၅ရက်က မြို့သန့်ရှင်းသာယာလှပရေးအတွက် နယ်စပ်လမ်း လူသွားစင်္ကြံနှင့် ဆိုင်းဘုတ်များ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ လွယ်ဂျယ်မြို့ စည်ပင်သာယာရေး အဖွဲ့ တာဝန်ခံအရာရှိဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)



ရေစီးရေလာကောင်းမွန်ရေး

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြသီတာဈေး ရေမြောင်းများတွင် အမှိုက်များနှင့် ရေဆိုးရေညစ်များ မရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဇူလိုင် ၁၇ရက်က ဦးစီးအရာရှိ ဦးမြင့်လွင် ဦးဆောင်၍ ဝန်ထမ်းများ စုပေါင်းရေမြောင်းဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲပဥ္စသီလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ကျောက်မဲ ဩဂုတ် ၁၁

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အရှည် ပေ ၁၂၈၀ ၊ အနံ၂၄ပေရှိပင်လုံလမ်းတွင် ငွေကျပ်၁၀၉ဒသမ၄သိန်း၊ အရှည်ပေ ၁၀၆၀၊ အနံ၁၂ပေရှိပဥ္စသီလမ်းတွင်ငွေကျပ် ၄၉ ဒသမ၃သိန်း၊ အရှည်ပေ ၁၆၅၀၊ အနံ၁၂ ပေရှိအောင်ချမ်းသာလမ်းတွင် ငွေကျပ် ၇၆ ဒသမ၄သိန်းဖြင့်အကုန်အကျခံဆောင်ရွက်ပြီးစီးကြောင်း သိရသည်။**(ကြံ့ခိုင်ဖွံ့ဖြိုးအသင်း)**

ပွင့်ဖြူမြို့တွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ပွင့်ဖြူ ဩဂုတ် ၁၉

ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးရွာအုပ်စု စာရေးဝန်ထမ်းများအား စာကြည့်တိုက်မှူး တာဝန်ပေးအပ်ပွဲနှင့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၈ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား စာကြည့်တိုက်မှူး တာဝန်ပေးအပ်လွှာကို ပေးအပ်သည်။

လှူဒါန်း

ထို့နောက် မှတ်ပုံတင်စာကြည့်တိုက် ကျပြီးသော ကျေးရွာ ၃၁ရွာအား အသိအမှတ်ပြုကတ်ပြားများပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော ငွေကျပ် ၂၆၃၅၀တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်များကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဒါန်းသည်။ **(ယာပုံ)**

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးစီးမှူးနှင့် မင်းဘူးခရိုင် ရုံးစာကြည့်တိုက် လက်ထောက်(၃) ဒေါ်နီလာစိုး တို့က သင်တန်းကို ဆက်လက်ပို့ချရာ စာရေးဝန်ထမ်း ၄၈ဦးတက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှည်းကူး မြို့နယ် သာယာ လှပရေး အတွက် ဩဂုတ် ၁၁ ရက်က အောင်မင်္ဂလာ ရပ်ကွက် ဖောင်ကြီးလမ်းဘေး ဝဲယာ တစ်လျှောက် ပလက်ဖောင်း ပြုပြင်မှုကို မြို့နယ် စည်ပင် သာ ယာ ရေး အဖွဲ့ အင်ဂျင်နီယာမှူး ဦးဘသိန်းနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးထွန်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ဒိုက်ဦး ဩဂုတ် ၂၁

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဇူလိုင်၁၉ရက်က အမှတ် (၆)ရပ်ကွက်အတွင်းရှိ အမကကျောင်းနှစ်ကျောင်းတွင် အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက်မိဘများအား ရည်စူး၍ အမှတ်(၁၂) ဇရပ်ကွက် သရဖီလမ်း ရန်ကင်းမြို့နယ်နေ ဒေါ်စောရင်၊ သမီး မငွေငွေအောင်တို့က ငွေကျပ် ၁၁၅၂၀၀၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကျောက်ပန်းတောင်း အမြန်ယာဉ်ငယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်

ကျောက်ပန်းတောင်း ဩဂုတ် ၂၂

မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက မြို့နယ်အလိုက် စုပေါင်းအမြန်ယာဉ်ငယ် အသင်းများ၏ အသင်းဝင်ယာဉ်ပိုင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ်၉ရက်က ကျောက်ပန်းတောင်းမြို့နယ် စုပေါင်းအမြန်ယာဉ်ငယ်အသင်း ရုံး၌ ကျင်းပရာ မြို့နယ်စုပေါင်း ယာဉ်ငယ် အသင်းဥက္ကဋ္ဌဦးခင်မောင်ရီက အမှာစကား ပြောကြားပြီး မန္တလေးတိုင်း (မထသ)မှ ချီးမြှင့်သော ပညာရည်ချွန်ဆုများကို အလုပ်အမှုဆောင်များက ပေးအပ်ချီးမြှင့်ကြသည်။ (ဝ၈၁)

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် ၂၁လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင်၁၂ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းနိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့က လမ်းခင်းပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင် စောင့်ရှောက်လွှမ်းခြုံမှု မြှင့်တင်ရေး စဉ့်ကူး၌ အသိပေးဆွေးနွေး

စဉ့်ကူး ဩဂုတ် ၁၈

စဉ့်ကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အဆင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန သံဃာ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာစန်းစန်းညွှန့်က ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက ကျန်းမာရေးစောင့်ရှောက်မှု အခြေခံဝန်ထမ်းများအား သင်တန်းပို့ချပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၁ရက်က အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ သဲတောဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့် ရေရှည်တည်တံ့ခိုင်မြဲရေး ရမည်းသင်း၌ ဟောပြောပို့ချ

ရမည်းသင်း ဩဂုတ် ၂၂

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရမည်းသင်းမြို့နယ် အထက(၁)၌ စာကြည့်တိုက်ပညာဆင့်ပွား သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပသည်။

ဟောပြောပို့ချ

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေတင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ပညာရပ်များ၊ စာအုပ်စာစောင်များရေးသွင်းခြင်း၊ စာပြုလုပ်ငန်း၊ စာငှားစနစ်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း အကြောင်းကို ဟောပြောပို့ချသည်။ (ခရိုင် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေး အသိပညာပေးသင်တန်း ခင်ဦး၌ဖွင့်

ခင်ဦး ဩဂုတ် ၂၀

ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံးခန်းမ၌ ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆက်သွယ် အသိပညာပေး လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတင်မြင့်၊ ခရိုင်တိရစ္ဆာန်ဆေးကုဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ပို့ချ

အဆိုပါသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးမြဟန်၊ UNICEF မှ သင်တန်းနည်းပြ ဦးစောအယ်မိုးနှင့် ဒေါ်အေးသက်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စမ်းစမ်းမြင့်တို့က ပညာပေးပို့ချကြကြောင်း သိရသည်။ (ကြွခိုင်ဖွံ့ဖြိုးရေးအသင်း)

သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင် အလှူငွေပေးအပ်

သဲကုန်း ဩဂုတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်၁၀နာရီက သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးရုံကြီးကြပ်မှုကော်မတီများနှင့် ရပ်မိရပ်ဖများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အလှူရှင်မိသားစုကိုယ်စားသားဖြစ်သူ ဦးခင်မောင်ကြူ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေတို့က အမှာစကား ပြောကြားကြပြီး အလှူရှင် သဲကုန်းမြို့ ရပ်ကွက်(၁) ဆေးရုံလမ်း(ဦးရွှေလုံး)-ဒေါ်ကြည်ကြည် မိသားစုက အလှူငွေကျပ် ငါးသိန်းကို မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထံသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** တစ်ဆက်တည်း ၎င်းအလှူရှင်မှ သဲကုန်းအထကကျောင်းဆောင်များ ပြုပြင်ရေးအတွက် အလှူငွေကျပ်ငါးသိန်းနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပညာရေးငွေပဒေသာပင်သို့ အလှူငွေကျပ်သုံးသိန်းကိုလည်း ထည့်ဝင်လှူဒါန်းသည်။ **(မြန်မာ့အလင်း)**

မိုးမောက်၌ ကြက်ဆူပင်များ အစားထိုးစိုက်ပျိုး

မိုးမောက် ဩဂုတ် ၂၄

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဝဝမ်ကွမ်ဘန်ကျေးရွာအုပ်စု၏ ကြက်ဆူသီးသန့်စိုက်ခင်းတွင် အပင်သေများ အစားထိုးစိုက်ပျိုးခြင်းနှင့် ရှင်သန်အပင်များအား ပြုစုပျိုးထောင်ခြင်းကို ဩဂုတ် ၁၄ ရက် နံနက် ၇နာရီက အဆိုပါစိုက်ခင်း၌ ကျင်းပသည်။

ပျိုးထောင်

ထို့နောက် ဝဝမ်ကွမ်ဘန်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်ဆာနှင့်အဖွဲ့ဝင်များ၊ ရွာသူ ရွာသားများက အပင်သေများတွင် ကြက်ဆူပျိုးပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ရှင်သန်အပင်များအား ပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါ စိုက်ပျိုးပွဲသို့ ဝဝမ်ကွမ်ဘန် အုပ်စုမှ ရွာသူရွာသား ၆၀ တက်ရောက်ကြပြီး သုံးဧကတွင် ကြက်ဆူပျိုးပင် ၃၆၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားတွင် တတိယတန်း(က)မှ ပထမဆုရရှိသော မထက်ဝေအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေက ဆုချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက်ပညာသင်တန်း ဂန့်ဂေါ၌ဖွင့်

ဂန့်ဂေါ ဩဂုတ် ၃

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ရက် နံနက်၉နာရီက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဂန့်ဂေါခရိုင် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဦးအင်းကြူက အမှာစကား ပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ပေးအပ်

ထို့နောက် မြို့နယ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်က စာကြည့်တိုက် ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်ရေးကော်မတီ၏ စာကြည့်တိုက် မှတ်ပုံတင်ကတ်ပြားရရှိသည့် ကျေးရွာ ၁၀ရွာမှ စာကြည့်တိုက်မှူးများထံသို့ မှတ်ပုံတင်ကတ်ပြားများ ပေးအပ်သည်။ (ဝ၇၁)

ဩဂုတ်၂၂ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေပြား၊ ရွှေသင်္ကန်းတော်များကပ်လှူရန် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်(သုဝဏ္ဏ)ရွှေအင်ကြင်းရိပ်မွန်တိုက် (ဂျီ) အခန်း(၂)နေ ဦးမြင့်သိန်း-ဒေါ်ခင်ခင်လှိုင်၊ သားသမီး၊ မြေးမိသားစုက အလှည့်ကျဂေါပက ဦးလှထွန်း၊ ဦးစန်ဝင်းနှင့် ဦးအောင်ဆုတို့ထံ ပေးအပ်လှူဒါန်းကြစဉ်။ (ဂေါပကအဖွဲ့)

ဓာတ်မှန်စက်နှင့်သွေးလွန်တုပ်ကွေး ရှာဖွေစက် မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်း

မလှိုင် ဩဂုတ် ၁၈

မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ဓာတ်မှန်ရိုက်ကူးစက်နှင့် သွေးလွန်တုပ်ကွေးရောဂါရှာဖွေစက် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး ဦးအေးချို-ဒေါ်အေးအေးသန့်(စန်းဦးမိသားစု) ရန်ကုန်မြို့က ဓာတ်မှန်ရိုက်ကူးစက်အတွက် အလှူငွေကျပ်၁၀သိန်း၊ သွေးလွန်တုပ်ကွေးရောဂါရှာဖွေစက်အတွက် ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း၂၀ကို မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ဝ၈၂)

မွေးနေ့ဆုမွန်

သားသား ဘုန်းပြည့်သွေးရဲ့ ၂၆-၈-၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။

ချစ်ဖေဖေ-ဗိုလ်မှူးအောင်သိုက်ဝင်း
ချစ်မေမေ-ဒေါ်မေလှဲ့ဝါသွေး
ချစ်ညီမလေး-မေသွေးသိုက်။

TEST ELECTRONIC

အီလက်ထရွန်နစ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမည့် သူများသာ

ဖုန်း-၀၉-၅၀-၄၆၅၂၂။

FAME

IMMUGIN®

ကျင်ဆင်းဆေးတောင့်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၃၃ရှိ Services International Co.,Ltd.၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဒေါ်မြသီတာဆွေတင် ၁၂/ဒဂန(နိုင်) ၀၂၂၈၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Services International Co.,Ltd.ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ယင်းကုမ္ပဏီက စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်း ကော့သောင်းခရိုင် ပါချန်လုပ်ကွက်အတွင်းရှိ ဆီအုန်းခြံနှင့် ဆီအုန်းစက်ရုံတို့ကို တန်ဖိုးသင့် သတ်မှတ်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရန် နှစ်ဖက်သဘောတူညီကြသဖြင့် တန်ဖိုးသင့်သတ်မှတ်ငွေ တစ်စိတ်တစ်ဒေသကို လက်ခံရယူထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ လွှဲပြောင်းမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လွှဲပြောင်းမှုကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးအောင်B.A.,R.L.
တရားရုံးချုပ်ရှေ့နေ
အမှတ် ၈၄ (မြေညီထပ်)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၇၄၄၁၊ ၀၉-၅၀-၀၉၃၅၄။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၈၂၈ Toyota Corolla KE74 /S/W(4 ×2) ယာဉ်လက်ဝယ်ရှိသူ ဦးဒိုက်ကိုဇမ် မှတ်ပုံတင်အမှတ် ၁၂/စခန(နိုင်)၀၅၃၁၆၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၅၀၇၆ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းမင်း ၉/ပသက(နိုင်)၁၁၇၅၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။



ပန်သုဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်းလီမိတက် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ပန်သုဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို စံပယ်ဆောင် အစည်းအဝေးခန်းမ အထက(၂)စမ်းချောင်း၊ ရန်ကုန်တိုင်းတွင် ၄-၁၀-၂၀၀၈ရက်(စနေနေ့) (၁၃း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးအခမ်းအနားအပြီးတွင် ၂၀၀၇-၂၀၀၈ခုနှစ် အစုပေါ်အမြတ်ငွေများကို အသင်းသားများအား တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ပါ၍ လူကိုယ်တိုင်လာရောက်ထုတ်ယူသည့်အခါ မှတ်ပုံတင်နှင့် အသင်းသားအသင်းဝင်ကတ်ပြား(Shareholder Card)ကိုပါ တစ်ပါတည်း ယူဆောင်လာရန်၊ အကယ်၍ ကိုယ်စားလှယ်ဖြင့်ထုတ်ယူပါက မိမိကိုင်ဆောင်ထားသော မှတ်ပုံတင်မိတ္တူ၊ အသင်းသား အသင်းဝင်ကတ်ပြား (Shareholder Card) ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်ထုတ်ယူမည့်သူ၏ မှတ်ပုံတင်ပါ တစ်ပါတည်း ယူဆောင်လာရပါမည်။

အစုရှယ်ယာရှင်များကို စာတိုက်မှဆက်သွယ်သည့်အခါ လိပ်စာပြောင်းလဲမှုကြောင့် စာများပြန်လည်ရောက်ရှိလာခဲ့ပါသည်။ သို့ပါ၍ ဆက်သွယ်နိုင်မည့် လိပ်စာအသစ်ကို အသင်း၏ ရုံးချုပ် ဒဂုံစင်တာ၊ အမှတ် (၀၃-၀၄)ဘီဆောင်(တတိယထပ်) မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ လိပ်စာဖြင့် ဒါရိုက်တာအဖွဲ့သို့ အမြန်ဆုံးပေးပို့အကြောင်းကြားပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

မှတ်ချက်

အသင်းသားများမှ သိလိုသည်များကို မေးမြန်းဆွေးနွေး၊ အကြံပေးလိုပါက ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်အဖွဲ့သို့ တစ်လကြိုတင်၍ အကြောင်းကြားတင်ပြမေးမြန်း ဆွေးနွေးအကြံပေးပါရန်။

ပန်သုဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်းလီမိတက်။

မောင်မြတ်သူနှင့်အများသိစေရန်

အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်(၁)လမ်း၊ အမှတ်(မ/၁၆)နေ ဒေါ်စိန်ရင်၏ ညွှန်ကြား ချက်အရ ဒေါ်စိန်ရင်၏မောင် ဦးကိုရီ၏ သားသမီး လေးဦးအနက် အငယ်ဆုံးသား မောင်မြတ်သူကို ငယ်စဉ်ကပင် စောင့်ရှောက်ကျွေးမွေး၍ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးခဲ့ပါသည်။

မောင်မြတ်သူ၁၂/အစန(နိုင်)၁၇၂၃၈၀သည် ယခုအခါတွင် ဒေါ်စိန်ရင်၏ ဆိုဆုံးမမှု ကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုမူလုပ်ဆောင်ပါ၍ မိသားစုစာရင်းမှ စွန့်လွှတ်လိုက် ပါသည်။ ယခုကြေညာသည့်ရက်မှ နောက်နောင်၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်စိန်ရင်၏ ညွှန်ကြားချက်အရ-

ဦးမျိုးညွန့်
ဥပဒေအကျိုးဆောင် B.A,B.Ed.,R.L
အမှတ် ၅၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

အဖဦးအောင်ကြည်-အမိဒေါ်သန်းကြည်တို့၏သား မောင်လှထွေး၁၂/မရက(နိုင်) ၀၁၀၃၈၈ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သမျှ တာဝန်မယူပါ။

ဒေါ်သန်းကြည်
၁၂/မရက(နိုင်)၀၁၀၄၃၃။

SUPER COOL

Engineering Group မှ

လူကြီးမင်းတို့ရဲ့ အဲယားကွန်းနှင့် ရေခဲသေတ္တာများအား ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။ **ဖုန်း-၇၀၆၃၅၆။**

ဥတုရာသီ တောကိုမှီ၏

မြန်မာ့အလင်းသတင်းစာကြော်ငြာများအောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဩဂုတ် ၂၅

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ် သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။

အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)

သွေးဆေးကန်ဆရာတော် ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ပြည်တွင်းပြည်ပသာသနာပြု သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc., Phy)သည် ရောဝတီတိုင်း ပန်းတနော်မြို့ ပခန်းကျောင်းအတွင်း နှစ်စဉ်ကျင်းပအပ်သော တော်သလင်းလပြည့် ၁၅ရက်မှ သီတင်းကျွတ်လဆန်း ၉ရက် (စက်တင်ဘာ၁၄ရက်မှ အောက်တိုဘာ၅ရက်) အထိ ကျင်းပမည့် ဝါတွင်းအထူး ၁၀ရက်တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ မည်သူမဆို တရားနာယူနိုင်ကြောင်းနှင့် ဆရာတော်နှင့်ဆက်သွယ်လိုပါက ဖုန်း-၀၁-၃၈၂၇၅၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



လမ်းမတော်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာအုပ်၊ ဓာတ်ပုံနှင့်နံရံကပ်စာစောင်ပြသ

ရန်ကုန် ဩဂုတ် ၂၅

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာအုပ်ပြပွဲ၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို အထက(၂)လမ်းမတော်၌ဩဂုတ်၂၁ရက်ကကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိဦးတင်ကိုကရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ဓာတ်ပုံဆိုက်ကြီး ၅၂ပုံနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့သော အမျိုးသားများနှင့် တန်းတူရည်တူရှိသည့် လူနေမှုဘဝသရုပ်ပေမှတ်တမ်းပုံများ၊ မြန်မာအမျိုးသမီးများ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ချမ်းမြေ့ကြည်သာ ပြည်မြန်မာ ပြကွက်၊ မြန်မာ့ရှုခင်းအထွေထွေ မှတ်တမ်းတင်ဓာတ်ပုံများနှင့် အနာဂတ်မြန်မာနိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများအား ပြသကြသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မကွေးမြို့ တောင် တွင်း ကြီး လမ်းနှင့် မြို့ပတ်လမ်းဆုံ မြေယာရှု ခင်း နှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို မကွေး တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင် ဩဂုတ်၁၂ရက်က စစ်ဆေးရာ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်ကျော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ရေခဲမြစ်တို့ဖြစ်တည်ရာ ကျွန်းပ်တို့ကမ္ဘာ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သတင်းအက်ဆေး — **အောင်သုတ**

ရေခဲမြစ်(glacier)ဟူသည် ဖြည်းညင်းစွာ ရွေ့လျားနေသော ရေခဲထုဖြစ်သည်။ နှစ်ကာလပြောင်းလဲလာစေကာမူ ရေခဲမြစ်မှာ ပျက်စီးသွားခြင်းမရှိဘဲ ဆက်လက်ရှင်သန်စီးဆင်းမြဲ စီးဆင်းနေတတ်သည်။ ကျစ်လျစ်သိပ်သည်းသွားသော နှင်းလွှာချပ်များကို အခြေတည်ကာ ရေခဲမြစ် ဖွဲ့စည်းဖြစ်ပေါ်သည်။ **(အပေါ်ပုံ)**

ဖြစ်ပေါ်လာ

ရေခဲမြစ်သည် မြေဆွဲအား (gravity)ကို တုံ့ပြန်ကာ စီးဆင်းသည်။ ရေခဲမြစ်အဖြစ်သို့ ကြီးထွားလာသည့် လုပ်ငန်းစဉ်ကို ရေခဲမြစ်ဖွဲ့စည်းခြင်း (glaciation)ဟုခေါ်သည်။ နှင်းအရည်ပျော်ဆင်းသည့်နှုန်းထက် နှင်းဆက်တိုက်ကျဆင်းမှု ပိုမိုသည့်နေရာများ၌ ရေခဲမြစ်ဖြစ်ပေါ်လာသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

နေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့အား အနီးကပ်ဆုံး မြင်တွေ့ရမည်

အာကာသသိပ္ပံ

စကြဝဠာအတွင်းရှိ ဂြိုဟ်နှင့်နက္ခတ်တာရာများအနက် နေဂြိုဟ်နှင့် သောကြာဂြိုဟ်**(အောက်ပုံ)**တို့ကို လာမည့်နှစ် ဇွန် ၈ ရက်၌ နီးကပ်စွာ ယှဉ်လျက်တွေ့ရှိရမည်ဖြစ်ကြောင်း နာဆာအဖွဲ့မှ နက္ခတ္တဗေဒပညာရှင်များက ပြောကြားလိုက်သည်။

ယှဉ်လျက်ရှိ

ထိုသို့ နေဂြိုဟ်နှင့်သောကြာဂြိုဟ်တို့၏ အလွန်နီးကပ်သော အနေအထားကို အနောက်နိုင်ငံများက အများဆုံးတွေ့ရှိရမည်ဖြစ်သည်။ ထိုသို့ အနီးကပ်ဆုံးအနေအထားဖြင့် ယှဉ်လျက်ရှိနေသည်ကို လာမည့်နှစ် ဇွန် ၈ရက် နေဝင်ပြီးနောက် မိနစ် ၂၀ မှ မိနစ် ၃၀ အကြားတွင် တွေ့ရှိကြရမည်ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၃* *



မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၇ (ဈ)အရ ဗဟိုအဖွဲ့သည် လူကုန်ကူးခြင်းခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကို ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များအရ လူကုန်ကူးခြင်းခံရသူများအား မြဝတီနှင့်မူဆယ်တို့ရှိ လက်ခံရေးစခန်းများတွင် ပြန်လည်လက်ခံသည်။

ဦးသန်းစော(ဥပဒေ)၏ ဆောင်းပါး စာ-၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး